
The Essence

# လူငယ်တွေး စကားလုံးများ

လူငယ်တစ်ယောက်
တွေးကြည့်တဲ့
လူငယ်တွေ ကြုံတွေ့နေကျ
စကားလုံးများ

အောင်စည်သာ



# အောင်စည်သာ

# လှူငယ်တွေးစကားလုံးများ

လှူငယ်တစ်ယောက်
တွေးကြည့်တဲ့
လှူငယ်တွေကြုံတွေ့နေကျ
စကားလုံးများ

တန်ဖိုး – ၁၃၀၀ ကျပ်

| | |
|---|---|
| မျက်နှာဖုံးနှင့်အတွင်း | ·  ဖေသစ်တည် |
| ထုတ်ဝေသူ | ·  ဦးစန်းဦး(မြဲ·၀၃၈၂၃)၊ |
| | ·  စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်း၊တာမွေ။ |
| ပုံနှိပ်သူ | ·  ဒေါ်ဝင်းမာ(မြဲ·၀၉၇၃၃)၊ စိတ်ကူးချိုချို |
| | ·  ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |
| စာအုပ်ချုပ် | ·  ဦးမြင့်၊  ညီဝင်းမြင့် |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၁၃၊ စက်တင်ဘာလ

၄၀၁

အောင်စည်သာ
လှူငယ်တွေးစကားလုံးများ/
အောင်စည်သာ ။ – ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃။
စာမျက်နှာ    မျက်နှာ၊
၁၃ ·၂ စင်တီ× ၂၀ ·၅ စင်တီ
(၁) လှူငယ်တွေးစကားလုံးများ

# မာတိကာ


| | | |
|---|---|---|
| - | အမှာစာ | က |
| ၁။ | ဘဝ | ၁ |
| ၂။ | မိသားစု | ၄ |
| ၃။ | ရွေးချယ်ခြင်း | ၇ |
| ၄။ | ကိုယ်ကျင့်တရား | ၁၀ |
| ၅။ | လွတ်လပ်ခြင်း | ၁၃ |
| ၆။ | စွန့်စားခြင်း | ၁၆ |
| ၇။ | ရင့်ကျက်ခြင်း | ၁၉ |
| ၈။ | နည်းပညာ | ၂၂ |
| ၉။ | ပင်္ဂိုပက္ခ | ၂၅ |
| ၁၀။ | ညှိနှိုင်းဆွေးနွေးမှု | ၂၈ |
| ၁၁။ | အပြောင်းအလဲ | ၃၁ |
| ၁၂။ | သင်ခန်းစာ | ၃၄ |
| ၁၃။ | အခက်အခဲ | ၃၇ |
| ၁၄။ | ကံတရား | ၄၀ |
| ၁၅။ | အတိတ် | ၄၃ |
| ၁၆။ | နောင်တ | ၄၆ |
| ၁၇။ | မိမိကိုယ်ကို ယုံကြည်မှု | ၄၉ |
| ၁၈။ | အကြောက်တရား | ၅၂ |

၁၉။ အကောင်းမြင်စိတ် ၅၅
၂၀။ စည်းကမ်း ၅၈
၂၁။ အနာဂတ် ၆၁
၂၂။ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ၆၄
၂၃။ ရည်မှန်းချက်နဲ့ ဝါသနာ ၆၇
၂၄။ ကတိ ၇၀
၂၅။ အောင်မြင်မှု ၇၃
၂၆။ အရှုံး ၇၆
၂၇။ ပျော်ရွှင်ခြင်း ၇၉
၂၈။ ရလဒ် ၈၂
၂၉။ အကြောင်းပြချက် ၈၅
၃၀။ အမှန်တရား ၈၈

# အမှာ

**နှုတ်တစ်ရာ စာတစ်လုံး** တဲ့။ ရှေးလူကြီးတွေက ‘ရေးသားမှတ်တမ်းတင်ထားတဲ့ စာတစ်လုံးဟာ နှုတ်မှ အခွန်းတစ်ရာ ပြောတာနဲ့ ညီမျှတယ်’ဆိုတာနဲ့ ပတ်သက်ပြီး ပြောထားတဲ့ စကားပုံလေးတစ်ခုပါပဲ။ ကျွန်တော်ကတော့ နှုတ်က ပြောတဲ့စကားဖြစ်စေ၊ စာနဲ့ရေးတဲ့ စကားဖြစ်စေ စိတ်ဝင်စားပါတယ်။ အထူးသဖြင့် စကားတွေထက် စကားလုံးတွေရဲ့ လေးနက်မှု၊ စကားလုံးတွေရဲ့ နောက်က အဓိပ္ပာယ်ကို ပိုပြီး စိတ်ဝင်စားပါတယ်။ နေ့စဉ်ပြောဆို၊ ရေးသားပြုစုနေမှုတွေမှာ စကားလုံးရွေးချယ်မှုကလည်း အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ စကားလုံးတွေက ကျွန်တော်တို့ ပြောလိုတဲ့ အကြောင်းအရာတွေကို သရုပ်ဖော်ပေးကြတယ်။ စကားလုံးတွေမှတစ်ဆင့် ပြောသူရဲ့ စိတ်ခံစားမှုကို ခန့်မှန်းလို့ ရတယ်။ စကားလုံးတွေမှတစ်ဆင့် ပြောသူတွေရဲ့ ပတ်ဝန်းကျင်ကို လေ့လာလို့ရတယ်။ စကားလုံးတွေမှ တစ်ဆင့် ပြောသူ၊ ရေးသူတွေ ရင်ဆိုင်ရတဲ့ အခက်အခဲတွေကို

တစ်စိတ်တစ်ပိုင်း တွေ့ရတတ်တယ်။ စကားလုံးတွေက တစ်ဆင့် ဘဝကို ပုံဖော်နေလို့ ရတယ်ပေါ့ဗျာ။

ဒီစာအုပ်လေးကတော့ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းတစ်ခုမှာ ကြုံတွေ့ခဲ့ရတဲ့၊ ကြားဖူးခဲ့ရတဲ့၊ ဖတ်ဖူးခဲ့ရတဲ့ စကားလုံးတွေအပေါ် ကျွန်တော့် ခံစားချက်၊ ကျွန်တော့်အမြင်၊ ကျွန်တော့် အတွေ့အကြုံ၊ ကျွန်တော့်ရဲ့ တူးဆွချက်လေးတွေပါ။ တစ်နည်းအားဖြင့် ကျွန်တော့်ဘဝရဲ့ စကားလုံးမှတ်တမ်း တစ်စိတ်တစ်ပိုင်း ပေါ့ဗျာ။ ဒီစာအုပ်ထဲက စာပိုဒ်ကလေး အများစုက စကားလုံးတွေအပေါ် အကောင်းဆုံး အဓိပ္ပာယ် ဖွင့်ဆိုချက်မဟုတ်သလို၊ စကားလုံးတွေနဲ့ ပတ်သက်တဲ့ ပဋ္ဌိပက္ခတွေရဲ့ အဖြေလည်း မဟုတ်ရပါဘူး။ မြင်လိုက်ရတဲ့ စကားလုံးအပေါ် အတွေးတစ်စ ဆွဲထုတ်ခြင်းသာ ဖြစ်တဲ့အတွက် လွတ်လပ်စွာ ကွဲလွဲခွင့်ရှိပါကြောင်း။

လေးစားလျက်
အောင်စည်သာ




## ဘဝ

ဘဝဆိုတဲ့ စကားလုံးကလည်း လူတွေရဲ့ ဘဝမှာ တော်တော်နေရာ ယူတတ်တဲ့ စကားလုံး။ စာအုပ် စာပေတွေမှာပဲ ဖြစ်ဖြစ်၊ ရုပ်ရှင်ကားထဲမှာပဲ ဖြစ်ဖြစ်၊ နေ့စဉ်ပြောတဲ့ စကားတွေမှာ ဖြစ်ဖြစ် ဘဝဆိုတဲ့ စကားလုံးကို တော်တော်လေး သတိပြုမိပါတယ်။ ခုလည်းကြည့်၊ ကျွန်တော့် စာအုပ်ခေါင်းစဉ်က စကားလုံးများနဲ့ ဘဝ၊ ရွေးချယ်တဲ့စာပိုဒ်ခေါင်းစဉ်က ဘဝ၊ ခု စာထဲမှာလည်း ဘဝဆိုတဲ့ စကားလုံး ရာနဲ့ချီ ပါဝင်နေပါလိမ့်မယ်။ ကဲ… အဲဒီလောက် အရေးပါနေတဲ့ စကားလုံးဆိုတော့လည်း တွေးမိတယ်။ ကျွန်တော်တို့ ပြောပြောနေတဲ့ ဘဝဆိုတာ ဘာလဲပေါ့။ တချို့က ပြောကြတယ်၊ ဘဝဆိုတာ ကစားပွဲတဲ့။ ဘာလို့ဆို ဘဝဆိုတာ အနိုင်အရှုံးတွေနဲ့ ဖြတ်သန်းရတယ်။ ပန်းတိုင်ကို ရောက်အောင် ပြိုင်ဆိုင်ရုန်းကန်ရတယ်။

ဒါ့အပြင် သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေလည်း ရှိသေးရဲ့။ တစ်ခုပဲ ကွာတာက ဘဝဆိုတဲ့ ကစားပွဲက ရိုးရိုးကစားပွဲတွေထက် အချိန်ပိုကြာ၊ အနိုင်အရှုံးကလည်း မသဲကွဲ၊ ပိုပြီးတော့လည်း ရုန်းကန်ရတာပါပဲ။ တချို့ကတော့ ဘဝကို ခပ်ကြမ်းကြမ်းလေး အဓိပ္ပာယ်ဖွင့်ကြတယ်၊ တိုက်ပွဲတဲ့။ ကစားပွဲနဲ့ ဆင်ပေမယ့် ရည်မှန်းရာကို တိုက်ခိုက်ယူခြင်း သဘောတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို မထီမဲ့မြင် ပြုလုပ်လာခြင်း၊ တရားမျှတမှုကို ဥပေက္ခာပြုခြင်း သဘောတွေ နည်းနည်း ပါဝင်လာတဲ့ အဓိပ္ပာယ်သတ်မှတ်

ချက်ပေါ့။ ဒီလို သဝ်မှတ်ခြင်းကလည်း ကျွန်တော်တို့ တစ်ခါတစ်ရံ ကြုံရတဲ့ မမျှတမှုတွေ၊ ဖိနှိပ်မှုတွေ၊ ကြမ်းတမ်းခက်ထန်တဲ့ လမ်းခရီးတွေ အတွက် ကောင်းကောင်းကို ထင်ဟပ်နိုင်တဲ့ ဖွင့်ဆိုထားချက်ပါပဲ။ အဲဒီလိုပဲ တခြားသော ပညာရှင်တွေ၊ ထင်ရှားကျော်ကြားတဲ့လူတွေက ဒီစကားလုံးကို သူတို့ကြုံတွေ့ခဲ့ရတဲ့ အခြေအနေ၊ သူတို့ ဖြတ်သန်းခဲ့ရတဲ့ ပတ်ဝန်းကျင်၊ သူတို့ ရှန်းကန်ခဲ့ရတဲ့ အတွေ့အကြုံတွေပေါ် မူတည်ပြီး အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုလိုက်သမျှ လိုက်လို့တောင် မဆုံးပါဘူး။ ဒါပေမဲ့ များပြားလှတဲ့ မတူညီတဲ့ ဘဝရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်တိုင်းဟာ မတူညီတဲ့ ဘဝတစ်ခုစီကနေ ထွက်ပေါ်လာတာပါပဲ။

အပေါ်က အဓိပ္ပာယ်ဖွင့်ဆိုသူ၊ အောင်မြင်ထင်ရှား ကျော်ကြားသူ၊ ရှန်းကန်ကြိုးစားရင်ဆိုင်သူတွေဟာ မတူညီတဲ့ သူတို့ဘဝတွေကို အောင်မြင်အောင်၊ ခရီးရောက်အောင် အရင် ကြိုးစားခဲ့ကြရတယ်။ ပြီးမှ သူတို့ရဲ့ ဘဝဆိုတဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုထုတ်ဖော်နိုင်ခဲ့ကြတာပါ။ ကျွန်တော်တို့လည်း ဘဝဆိုတဲ့ စကားလုံးကို ကျွန်တော်တို့ဘဝနဲ့ ယှဉ်တဲ့ ဖွင့်ဆိုချက် ကောင်းကောင်းလေးတစ်ခု ပေးနိုင်ဖို့ ကိုယ်တိုင်အောင်မြင်အောင် (ဒါမှမဟုတ်) ခရီးရောက်အောင် အရင်ကြိုးစားကြည့်ဖို့ လိုမှာပါ။



# မိသားစု

ကျွန်တော်က တစ်ဦးတည်းသော သားပါ။ ပြေးကြည့်ရင် မိသားစုရယ်ဆိုလို့ အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ် ဒီသုံးယောက်သာ ရှိပါတယ်။ မိသားစုဆိုတဲ့ စကားလုံးက လူတိုင်းအတွက် အရေးမပါတောင် လူတိုင်းရဲ့ ဘဝမှာတော့ ဖျောက်ဖျက်မရတဲ့ စကားလုံးတွေထဲက တစ်ခုပေါ့။ တချို့က မိသားစုကို ကွန်းခိုရာ၊ နွေးထွေးမှုစတဲ့ နာမဝိသေသနတွေနဲ့ အထူးပြုကြတယ်။ ကျွန်တော့်အတွက်တော့ မိသားစုဆိုတာ ထို့ထက် မကပါဘူး။ မိသားစုဆိုတဲ့ စကားလုံးက ကျွန်တော့်ကို နွေးထွေးစေတယ်။ ခွန်အားတွေရှိစေတယ်။ လုံခြုံမှုတွေ ရစေတယ်။ ထောက်ခံမှုတွေလည်း ပေးပါတယ်။ တချို့က ကိုယ့်အကြောင်းအရာလေးတွေနဲ့ ကိုယ်၊ ကိုယ့်မိသားစုနဲ့ အဆင်မပြေကြဘူး။ အိမ်ထောင်ကွဲ၊ မိဘကွဲ၊ မောင်နှမကွဲ၊ သားကွဲ၊ သမီးကွဲ စသည်ဖြင့် ကံတရားအလိုက် ဘဝမှာ မိသားစုဆိုတဲ့ အနှစ်သာရကို အပြည့်အဝ မခံစားရတဲ့လူတွေကို ကျွန်တော်တွေ့ရတဲ့အခါ အဲဒီလူတွေက မိသားစုရှိတဲ့ လူတွေထက် ပိုပြီး ကြံ့ခိုင်၊ စိတ်ဓာတ်ခိုင်မာမှု ရှေ့ရောက်တာကို တွေ့ရပါတယ်။ အဲဒီမှာတင် မိသားစုဆိုတဲ့ စကားလုံးရဲ့ ခွန်အားဘယ်လောက်ကြီးမားတယ်ဆိုတာ တွေ့ရပါတယ်။

ကျွန်တော်တို့ ကျင်လည်ရတဲ့ဘဝဆိုတာ အမြဲတမ်း ပန်းခင်းလမ်းပေါ်မှာ နင်းလျှောက်ရတာ မဟုတ်ပါဘူး။ ဘဝမှာ ပင်ပန်းဆင်းရဲမှုတွေ၊ စိတ်

ညစ်ညူးစရာအချိန်တွေဆိုတာကို ကျော်ဖြတ်ရတဲ့အခါ ရင်ဖွင့်ဖော်၊ အားပေးဖော်ဆိုတဲ့ အရာလေးကို လူတိုင်းလောက်နီးနီး တောင့်တဖူးကြမှာပါ။ အဲဒီ ကွက်လပ်လေးကို ဖြည့်ပေးမှာက ကိုယ်ချစ်တဲ့၊ ကိုယ့်ကိုလည်း ချစ်တဲ့ မိသားစုပါပဲ။ နောက်တစ်ခု ကျွန်တော် စဉ်းစားမိတာက ကွဲကွာရခြင်းပါ။ မိသားစုဆိုတာ ကိုယ့်အတွက် အဖော်မွန်ကောင်းဆိုပေမယ့် ကိုယ်နဲ့အတူ တစ်သက်လုံးနေသွားမလားဆိုတော့ မဟုတ်ပြန်ပါဘူး။ အပေါ်က ပြောခဲ့သလို ကံကြမ္မာက ဖန်တီးလာတဲ့အပေါ်မှာ မမျှော်လင့်တဲ့၊ မထင်မှတ်တဲ့၊ မလိုချင်တဲ့ ကွဲကွာခြင်းဆိုတာတွေ ရှိလာဦးမှာပါ။ ကျွန်တော်ကတော့ ရှိနေတဲ့ မိသားစုလေးနဲ့ ပျော်အောင် နေမယ်။ ဘဝအခက်အခဲကို အတူတကွ ကျော်ဖြတ်မယ်ပေါ့ဗျာ။ ကံတရားကြောင့် ကွဲကွာရတဲ့အချိန် ရောက်လာတော့လည်း တစ်ယောက်တည်းရင်ဆိုင်နိုင်အောင်၊ စိတ်ဓာတ်ခိုင်မာအောင် နေထိုင်မယ်လို့ တွေးမိပါတယ်။ အဲ . . . ဒါပေမဲ့ မိသားစုနဲ့လည်း အတူနေလို့ရမယ်၊ ကံတရားကလည်း မျက်နှာသာပေးမယ်ဆိုရင်တော့လည်း အသက်ထက်ဆုံး မိသားစုဆိုတဲ့စကားလုံးကို အပျော်တွေနဲ့ပဲ ထုံမွမ်းထားချင်တာ ကျွန်တော့်ဆန္ဒပေါ့။ လူတိုင်းကို ကံတရားက မျက်နှာသာပေးပါရက် ကိုယ့်မိသားစုကို တန်ဖိုးမထားတတ်တဲ့၊ ကိုယ့်မိသားစုနဲ့ ဝေးသထက်ဝေးအောင် လုပ်မိတဲ့ သူတွေ မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းမိတယ်ဗျာ။



# ရွေးချယ်ခြင်း

ကျွန်တော် ရှစ်တန်းကျောင်းသားဘဝမှာ ဒီစကားလုံးကို သတိထားမိတယ်ဗျာ။ ဘာလို့ဆို ရှစ်တန်းအောင် ကိုးတန်းရောက်တဲ့အခါမှာ သိပ္ပံ၊ ဝိဇ္ဇာ၊ ဝိပ္ပံ ဆိုတဲ့ ဘာသာတွဲတွေကို ရွေးချယ်ရတော့မှာပါ။ ရွေးချယ်မှုဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ကောင်းကောင်းမသိခင်ကတည်းက ရွေးချယ်မှုတွေကို ကျွန်တော် လုပ်ခဲ့ရပါတယ်။ ငယ်စဉ်က ကစားစရာတွေ၊ မုန့်တွေ၊ သွားလာလည်ပတ်စရာ ကစားကွင်း စတာတွေကို ကျွန်တော် ကလေးဘဝ ရွေးချယ်မှုဆိုတာ ဘာမှန်းမသိခင်ကတည်းက ရွေးခဲ့တဲ့ အရာတွေပေါ့။ ရှစ်တန်းလောက်ရောက်တဲ့အခါ ရွေးချယ်မှုရဲ့ စွန့်လွှတ်ရခြင်းသဘောကို နည်းနည်း သဘောပေါက်လာတယ်။ ဘာလို့ဆို ကျွန်တော် ရှစ်တန်းအောင် ကိုးတန်းတက်တဲ့အခါ ဘောဂဗေဒနဲ့ တွဲတဲ့ ဝိပ္ပံဆိုတဲ့ ဘာသာတွဲကို ကျွန်တော်ရွေးချယ်ခဲ့လို့ပါ။ ဝိပ္ပံဘာသာရပ်ကို ရွေးချယ်လိုက်ခြင်းအားဖြင့် အဲဒီအခါမှာ လူအများ ရည်မှန်းရာ ဆေးတက္ကသိုလ်တက်ခွင့်ဆိုတဲ့ အခွင့်အရေးကြီးတစ်ခုကို လက်လွှတ်လိုက်ရခြင်းပါပဲ။ ကျွန်တော် ပြတ်သားစွာပဲ ရွေးချယ်ခဲ့ပါတယ်။ ဘာလို့ဆို ကျွန်တော် အဲဒီဘာသာရပ်၊ အဲဒီ အလုပ်အကိုင်ကို စိတ်မဝင်စားလို့ပါ။ အဲဒီ နောက်ပိုင်း ရွေးချယ်မှုဆိုတဲ့ စကားလုံးဟာ ကျွန်တော့်ဘဝမှာ တော်တော် နေရာယူခဲ့ပါတယ်။ ကျွန်တော် ရွေးချယ်မှုတိုင်းကို လွယ်လွယ် ကျော်ဖြတ်ခဲ့တာ မဟုတ်ပါဘူး။ ရွေးချယ်မှုဆိုတဲ့ စကားလုံး

ရဲ့ နောက်ကွယ်မှာ စွန့်လွှတ်ရခြင်းတွေ၊ အခြေအနေတွေ၊ အချိန်အခါတွေ၊ အခွင့်အလမ်းတွေ၊ ကောင်းကျိုး ဆိုးကျိုး စတာတွေဟာ တွဲလျက်ပါလာတတ်တာပါပဲ။ ရွေးချယ်မှုဆိုတဲ့ စကားကို ပြောကြပြီဆိုရင် မပါမဖြစ် စကားလုံးလေးနောက်တစ်လုံးက 'တွေဝေခြင်း' ပါပဲ။ ရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ စွန့်လွှတ်ရခြင်းတွေ၊ ရင်ဆိုင်နေရတဲ့ အခက်အခဲ၊ စိတ်ခံစားမှု၊ ရည်မှန်းချက်၊ ပတ်ဝန်းကျင် စတာတွေဟာ ကျွန်တော်တို့ကို တွေဝေစေတဲ့ ဖိအားတွေပါပဲ။ ကျွန်တော်ကတော့ ရွေးချယ်မှုတိုင်းကို စွန့်လွှတ်ရမယ့်အရာနဲ့ ရည်မှန်းချက်ချိန်ထိုးပြီးတော့ ရွေးချယ်ခဲ့တယ်။ တစ်ခါတစ်ရံ ပတ်ဝန်းကျင်ဖိအားတွေကို ရင်ဆိုင်ရတဲ့အခါ ရေတိုအခက်အခဲတွေ၊ ရေရှည်အကျိုးရလဒ်တွေနဲ့ တွေဝေမှုတွေကို ကျော်ဖြတ်ရတဲ့အခါလည်း ရှိတာပေါ့။ ကျွန်တော့်အတွက် ရွေးချယ်မှုဆိုတဲ့ စကားလုံး ဘဝမှာ ပေါ်လာတိုင်း စွန့်လွှတ်ရမှာကို စ, စဉ်းစားတယ်။ နောက် အကျိုးရလဒ်တွေကို စဉ်းစားတယ်။ ရည်မှန်းချက်၊ အခြေအနေတွေနဲ့ စဉ်းစားတယ်။ နောက်ဆုံး ရည်မှန်းချက်ကတော့ တွေဝေမှုကို ရိုက်ထုတ်ခြင်းပါပဲ။ မသေချာ မရေရာ ရွေးခဲ့ရတဲ့အရာတွေ ရှိခဲ့တာပေါ့။ ဒါပေမဲ့ ကိုယ့် ရွေးချယ်မှုအပေါ် အောင်မြင်အောင် လုပ်မယ်ဆိုတဲ့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကလည်း တစ်ခါတစ်ရံ မှားယွင်းတဲ့ ရွေးချယ်မှုတွေကို သိပ်အဆိုးကြီး ဖြစ်မသွားစေတာကိုတော့ ကျွန်တော် ဝန်ခံရပါမယ်။

❂


ကိုယ်ကျင့်
တရား

# ကိုယ်ကျင့်တရား

ကျွန်တော်တို့ ငယ်ငယ်က ပြည်သူ့နီတိဆိုတဲ့ ဘာသာရပ်လေး တစ်ခု သင်ပါတယ်။ နောက်တော့ အတန်းကြီးလာတဲ့အခါ မသင်ရတော့ပါဘူး။ ကျွန်တော်လည်း ပြန်စဉ်းစားတဲ့အခါ သင်စဉ်အခါမှာသာရတဲ့ သင်္ခါရဆိုတဲ့ သဘောတရားအတိုင်း ကိုယ်ကျင့်တရားဆိုတဲ့ စကားလုံးလေးပဲ မှတ်မိပါတယ်။ ကိုယ်ကျင့်တရားဆိုတဲ့ စကားလုံးလေးနဲ့ အထက်တန်းကျောင်းသား ဘဝတစ်ခုလုံး ဝေးကွာလာပြီးတဲ့နောက် ပြန်လည်တွေ့ဆုံရတာကတော့ တက္ကသိုလ်ကျောင်းသားဘဝမှာပါ။ ကျွန်တော့်ရဲ့ အထူးပြုဘာသာရပ်က စီးပွားရေးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်ပါ။ အဲဒီ ဘာသာရပ်မှာ ကိုယ်ကျင့်တရားရဲ့ အရေးပါမှုတွေကို အခန်းတော်တော်များများ နေရာပေးပြီး သင်ရပါတယ်။ ၂၀၀၈ ခုနှစ် စီးပွားရေးပျက်ကပ်မှာ လုပ်ငန်းကြီးတော်တော်များများကို ဦးဆောင်တဲ့ အမှုဆောင်အရာရှိပိုင်းတွေရဲ့ ကိုယ်ကျင့်တရား ပျက်ကွက်မှုတွေကို တွေ့လာရပြီးတဲ့နောက်ပိုင်း ကိုယ်ကျင့်တရားဆိုတဲ့ စကားလုံးဟာ စီမံခန့်ခွဲမှု ဘာသာရပ်ဆိုင်ရာ စာအုပ်တွေမှာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုက ပါဝင်လာပါတယ်။ ကျွန်တော်တို့ဟာ တစ်ခါတစ်ရံမှာ ရည်မှန်းချက်တွေ၊ လိုချင်တဲ့အရာတွေကို ရအောင်လုပ်ယူတဲ့အခါ၊ ရအောင် ကြိုးစားတဲ့အခါ၊ ရနိုင်တဲ့ နည်းလမ်းတွေကို ရွေးချယ်ရတဲ့အခါတွေ ရှိပါတယ်။ အဲဒီ ရည်မှန်းချက်တွေကလည်း တခြားသော သူများရဲ့ ရည်မှန်း

ချက်နဲ့ လာတူတဲ့အခါ ကျွန်တော်တို့ရဲ့ အပြုအမူတွေက ယှဉ်ပြိုင်ခြင်းတွေ ဖြစ်လာတတ်ပါတယ်။ ဘယ်အပြုအမူကိုတော့ ဘာကြောင့် လုပ်မယ်၊ ဘယ်လိုကြောင့်တော့ ဘယ်အပြုအမူကို မလုပ်ဘူးလို့ ဆုံးဖြတ်ရတွေဟာ ကိုယ်ကျင့်တရားပါ။

ကိုယ်လုပ်လိုက်တဲ့ အပြုအမူအပေါ် ကိုယ်က တရားတယ်ထင်ပေမယ့် ပတ်ဝန်းကျင်က မတရားဘူးထင်တဲ့အရာတွေ ရှိလာမှာပါပဲ။ တစ်ခါတစ်ရံမှာလည်း ဝေခွဲရခက်တဲ့၊ အမှားအမှန် မကွဲပြားတဲ့ အပြုအမူတွေကို ရွေးချယ်ရတဲ့အခါ ကျွန်တော်တို့ရဲ့ အပြုအမူတွေကို ကျွန်တော်တို့ ကိုယ်ကျင့်တရားကပဲ ဦးဆောင်မှုပေး ရွေးချယ်သွားစေတာပါ။ ဒါကြောင့် ကျွန်တော်တို့ကို ငယ်စဉ်က ဆုံးမတဲ့အခါ လူတော်ဖြစ်အောင် လုပ်ဆောင်ဖို့ လမ်းစဉ်တိတိကျကျရှိပြီး ကြိုးစားလို့ရပေမယ့် လူကောင်းဖြစ်ဖို့ကတော့ ခဲယဉ်းပါတယ်။ ကိုယ့် အမြင်မှာရော၊ သူတစ်ပါးအမြင်မှာပါ လူကောင်းဖြစ်ဖို့က ပိုပြီး ခဲယဉ်းပါတယ်လို့ ဆုံးမကြတာပါ။ ဒီတော့ ကိုယ်ကျင့်တရားဆိုတာကလည်း ကိုယ်က တရားတယ်ထင်လို့ ပြုကျင့်ခြင်းသဘောတွေ ပါနေတယ်။ ကိုယ်ကျင့်တရားကို ဆွေးနွေးတဲ့အခါ ဘယ်ဟာ မှန်တယ်၊ ဘယ်ဟာ မှားတယ်ဆိုတာတွေထက် လူတစ်ယောက်အနေနဲ့ ဘယ်အခြေအနေမှာ ဘယ်ဟာမှန်တယ်ဆိုပြီး ပြဋ္ဌာန်းသတ်မှတ်ချက်တွေနဲ့ သူရင်ဆိုင်ခဲ့ရတာလေးတွေကိုပါ ထည့်သွင်းစဉ်းစားမှသာ သူ တရားတယ်၊ မတရားဘူး ဆုံးဖြတ်နိုင်မှာဖြစ်တယ်လို့ ကျွန်တော်ကတော့ အကြမ်းဖျင်း ယူဆပါတယ်။



# လွတ်လပ်ခြင်း

လူသားတွေရဲ့သဘာဝကိုက လွတ်လပ်လိုကြတာပါ။ စိတ်သွားတိုင်း ကိုယ်ပါ လွတ်လွတ်လပ်လပ် နေလိုကြတယ်။ အချုပ်အနှောင် မခံလိုကြဘူး။ သူတစ်ပါးက ဖိနှိပ်လာပြီဆိုရင်လည်း လွတ်လပ်ခြင်းကို တောင့်တတတ်ကြတာ လူတိုင်းရဲ့သဘာဝပါ။ ဒီတော့ လွတ်လပ်ခြင်းဆိုတဲ့ စကားလုံးကလည်း ဘဝမှာ ရှောင်ကျဉ်းသွားလို့ မရတဲ့ စကားလုံးပေါ့။ လွတ်လပ်ခြင်းကိုတော့ ကျွန်တော်က လွတ်လပ်ရေးနေ့တွေနဲ့ တွဲပြီး မှတ်မိနေပြန်ရော။ လွတ်လပ်ရေးနေ့ဟာ နိုင်ငံတိုင်းလိုလိုမှာ ရှိတတ်ကြတော့ သတင်းစာတွေ ဖတ်တဲ့အခါ ကိုယ့်နိုင်ငံအကြီးအကဲက တခြားနိုင်ငံရဲ့လွတ်လပ်ရေးနေ့တိုင်း လှမ်းလှမ်း သဝဏ်လွှာပို့တိုင်း ကျွန်တော် အဲဒီ စကားလုံးကို တွေ့နေရတာ ပါပဲ။

လွတ်လပ်ခြင်းဆိုတဲ့ စကားလုံးကို တွေ့တိုင်း စဉ်းစားမိတာ တစ်ခုကတော့ လူတိုင်းဟာ လွတ်လပ်တာကို လိုချင်ကြပေမယ့် လွတ်လပ်တိုင်းရော ကောင်းရဲ့လားဆိုတာပါပဲ။ လွတ်လပ်ခြင်းဆိုတာ ဖိနှိပ်ချုပ်ချယ်မှုအောက်ကနေ လွတ်မြောက်ခြင်းသက်သက် မဟုတ်ပါဘူး။ အုပ်ချုပ်မှု၊ စည်းမျဉ်းစည်းကမ်းအောက်မှာ မိမိကိုယ်ကို တာဝန်သိစိတ်နဲ့ ထိန်းချုပ်ခြင်း အဖြစ်ကို ပြောင်းလဲခံယူလိုက်ခြင်းဟာလည်း တစ်နည်းပါပဲ။ လွတ်လပ်တဲ့အခြေအနေကို မထိန်းချုပ်နိုင်ရင်၊ တာဝန်ယူမှုဆိုတဲ့ အသိတရားထည့်မပေးနိုင်ရင်၊

ရုန်းကန်ခြင်းဆိုတဲ့ ဟာမ်ဟက်ဆွန်းက ဆောက်ဘားလုံးဆီ အမှီတွယ်မှုကြောင်း သွားနိုင်တာကို သတိပြုသင့်ပါတယ်။ ဒီနိုကာအရှုံးပေးတဲ့မှာ ကောင်းဆိုတာကြာတဲ့ အခွင့်အရေးပေါင်းများစွာထဲက လူ့အခွင့်အရေးဆိုတာ လွတ်လပ်မှုကို အခြေခံတာတာပါ။ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ သွားလာနိုင်မှု၊ လွတ်လပ်စွာ ပြောဆိုနိုင်မှု စတာတွေကို ကောင်းဆိုလာတာနဲ့အမျှ အဲဒီ လွတ်လပ်မှုတွေရဲ့ နောက်ကွယ် က ကိုယ့်အပြုအမူကြောင့် သူတစ်ပါး လွတ်လပ်ခွင့်၊ သူတစ်ပါး အခွင့်အရေးကို မထိခိုက်စေရပါဘူးဆိုတဲ့ တာဝန်ခံနိုင်မှု၊ တာဝန်သိတတ်မှု၊ တာဝန်ယူမှု စတဲ့ အရာတွေကိုလည်း ထည့်သွင်း စဉ်းစားရမှာပါ။

သစ်ရွက်တစ်ရွက် ကြွေတာက လွတ်လပ်သွားတာ ဖြစ်သလို၊ ငှက်တစ်ကောင်ကို လှောင်အိမ်က လွှတ်ပေးလိုက်တာလည်း လွတ်လပ်သွားတာပါပဲ။ သစ်ရွက်ဟာ မိမိကိုယ်ကို မထိန်းချုပ်နိုင်လို့ မြေပြင်သက်ဆင်းရမယ့် ငှက်ဟာ မိမိကိုယ်ကို ထိန်းချုပ်နိုင်သူ၊ မိမိတွန်းပကားကို အသုံးချနိုင်သူမို့ ပိုကောင်းကင်ယံမှာ လွတ်လွတ်လပ်လပ် ပျံသန်းသွားနိုင်ပါတယ်။ ဒါ့ကြောင့် လွတ်လပ်ခြင်းဆိုတဲ့ စကားလုံးကို အခွင့်အရေးတွေနဲ့ တင်မကဘဲ တာဝန်ယူနိုင်မှုနဲ့ မိမိရဲ့ ကိုယ်ပိုင်စွမ်းအားအပေါ် မှီခိုနိုင်မှု စတာတွေကိုပါ ယှဉ်တွဲသိမြင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားရပါဦးမယ်။



## စွန့်စားခြင်း

စွန့်စားခြင်း (risk) ဆိုတဲ့ စကားလုံးကို ကျွန်တော်တို့ စီမံခန့်ခွဲမှု ဘာသာရပ်မှာ ခဏ ခဏ ကြားရလေ့ရှိပါတယ်။ ထို့အတူ စွန့်စားမလား ဆိုတဲ့ မေးခွန်းကလည်း ကျွန်တော်တို့နေ့စဉ်ဘဝရဲ့ ဆုံးဖြတ်ချက် တော်တော် များများမှာ အရေးပါ အရာရောက်တဲ့ အမေးစကားလုံးအဖြစ် ရှိနေပါတယ်။ စွန့်စားခြင်းဆိုတဲ့ စကားလုံးကို ကျွန်တော်ကတော့ အန္တရာယ်ရှိနိုင်သော၊ ကိုယ့်အား ဆိုးကျိုးဖြစ်စေနိုင်သော အခြေအနေတစ်ရပ်ဆီသို့၊ ထိုအခြေ အနေမှရရှိမည့် အကျိုးတရားကို မျှော်ကိုး၍ ဝင်ရောက်ခြင်းလို့ပဲ သတ်မှတ် ပါတယ်။

စွန့်စားမှုဆိုတာ အန္တရာယ်ချည်းပဲ ပေးနိုင်တာ မဟုတ်ပါဘူး။ အကျိုး အမြတ်လည်း ရနိုင်ပါတယ်။ စွန့်စားမှုတိုင်းမှာ အန္တရာယ် (သို့) ပေးဆပ် ရတာ ကြီးလေလေ၊ ရလာနိုင်တဲ့ အကျိုးအမြတ် များလေလေပါပဲ။ ကျွန်တော်စွန့်စားမှုကို အဓိပ္ပာယ်ဖွင့်တဲ့အခါမှာ 'ဖြစ်နိုင်တယ်' ဆိုတဲ့ မသေချာတဲ့ စကားလုံးကိုပဲ သုံးပါတယ်။ အတိုချုပ်ပြောရရင် စွန့်စားမှုဆိုတာ မသေချာမှုထဲကို တိုးဝင်ခြင်းပဲ မဟုတ်လား။ အောင်မြင်နိုင်ခြေ ၅၀၊ ဆုံးရှုံး နိုင်ခြေ ၅၀ ရှိတဲ့ အခြေအနေတစ်ခုထဲကို တိုးဝင်ဖို့ ဆုံးဖြတ်ချက်က လွယ်ကူ လှတဲ့ ဆုံးဖြတ်ချက် မဟုတ်ပါဘူး။ တစ်ဖက်က ရင်ဆိုင်ရမယ့် ရှုံးနိမ့်နိုင်ခြေနဲ့ တစ်ဖက်က ရရှိမယ့်အကျိုးအမြတ်ကို ချိန်ထိုးဆုံးဖြတ်ရခြင်းက ကျွန်တော်တို့

ကို တွေဝေမှုတွေ ဖြစ်စေပါတယ်။

အဲဒီအခါမှာ ကျွန်တော် ရွေးချယ်ရပါတော့မယ်။ စွန့်စားမယ်၊ မစွန့်စားဘူးဆိုတာ ကျွန်တော်တို့အတွက် အဓိကမကျသေးပါဘူး။ စွန့်စားတော့မယ့်အခါ ဘာကြောင့် စွန့်စားမယ်ဆိုတာကိုပဲ ခိုင်မာအောင် တည်ဆောက်ဖို့ အရေးကြီးပါတယ်။ ဘာလို့ဆို စွန့်စားမှုကို စတင်လိုက်ပြီဆိုတာနဲ့ အောင်မြင်နိုင်ခြေ ၅၀ ဟာ စိန်ခေါ်မှုတွေကို အန်တုနိုင်တဲ့ ဖွဲ့နဲ့ အပြည့်အဝ သက်ဆိုင်နေတယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။ ဖွဲ့ဆိုတဲ့ အရာကိုရဖို့ကလည်း ရှေ့က ဘာကြောင့် စွန့်စားမယ်ဆိုတဲ့ အကြောင်းပြချက် ခိုင်မာမှ ဖြစ်မှာကိုး။ ဟုတ်ပါတယ်။ စွန့်စားမှုဆိုကတည်းက မသေချာမှုတွေ၊ ကျရှုံးမှုတွေ၊ အန္တရာယ်တွေပါ ပါလာပါပြီ။ ဒါပေမဲ့ ဘဝတိုးတက်ဖို့၊ အောင်မြင်ဖို့ ကိစ္စမှာ စွန့်စားမှုဆိုတာ လိုအပ်တယ်ဆိုတာ လောကကြီးထဲမှာ နေတာကြာလာလေ ပိုသိသာလေပါပဲ။ ကျွန်တော်ကတော့ ရှေ့က အောင်မြင်ခဲ့သူတွေ၊ ကိုယ် လေးစားအားကျရသူတွေဟာ စွန့်စားရာက အောင်မြင်ခဲ့သူ အများစုပါလားလို့ပဲ အားတင်းရင်း ဆုံးရှုံးနိုင်ခြေ ၅၀ ကို မျက်ကွယ်ပြုရပါတယ်။ ခိုင်မာတဲ့ ဆုံးဖြတ်ချက်၊ အကြောင်းပြချက်နဲ့ ဖွဲ့ဆိုတာလေးတွေတော့ အစဉ်အမြဲ ဆောင်ထားရမှာပေါ့နော်။


ရေနွေးကြမ်း

# ရင့်ကျက်ခြင်း

တစ်နေ့ ကျွန်တော် ကျောင်းပိတ်လို့ ရန်ကုန် ခဏပြန်ပါတယ်။ ဆရာ၊ ဆရာမတွေကို မတွေ့တာကြာလို့ လိုက်နှုတ်ဆက်တဲ့အခါ ဆရာမတစ်ယောက်က ပြောတယ်။ မင်းတောင် တော်တော် ရင့်ကျက်လာပြီပဲတဲ့။ ကျွန်တော်နဲ့ သူနဲ့ နာရီဝက်လောက် စကားတွေပြောပြီးနောက် မှတ်ချက်ချလိုက်တဲ့စကားပါ။ လူကြီးဆန်တယ်၊ ရင့်ကျက်ကယ်တို့ နည်းတူပဲ ကလေးဆန်တယ်၊ ဒီလူ မရင့်ကျက်သေးဘူး စတဲ့ စကားလုံးတွေဟာ လူတစ်ယောက်ရဲ့ အပြုအမူအပေါ် အခြားလူတစ်ယောက်က မှတ်ချက်ချတဲ့ စကားလုံးတွေပါ။ အဲဒီတော့ ဆရာမဆီက ပြန်အလာ ကျွန်တော် တွေးမိတယ်။ 'ရင့်ကျက်ခြင်း' ဆိုတာ ဘာလဲပေါ့။ ရင့်ကျက်ခြင်းဆိုတာ အသက်အရွယ်နဲ့တော့ ထပ်တူမကျတာတော့ သေချာတယ်။ ဘာလို့ဆို တချို့ အသက်အရွယ်ရနေတဲ့လူ တချို့လည်း ကလေးဆန်တယ် ဘာညာ ကျွန်တော် ကြားဖူးတာကိုး။ အဲဒီတော့ ရင့်ကျက်ခြင်းဆိုတဲ့ စကားလုံးဟာ ကျွန်တော့်အတွက်တော့ မေးခွန်းလေးတစ်ခု ဖြစ်လာတယ်။ တချို့ကတော့ ရင့်ကျက်ခြင်းဆိုတာ ဟန်ဆောင်ကောင်းလာခြင်း၊ ခံစားချက်ကို ထိန်းချုပ်နိုင်လာခြင်းလို့ လက်ခံကြတယ်။

လူဆိုတာ ရင့်ကျက်လာရင် တုံ့ပြန်မှုတွေမှာ သွေးမဆူတော့၊ သွေးဆူမလွယ်တော့ဘဲ အမှားနည်းသွားတာ ဟန်ဆောင်နေတာ မဟုတ်ပါဘူး။

အခြေအနေကို လက်ခံနိုင်သွားတာပါ။ ကောင်းတဲ့အခြေအနေ ဖြစ်စေ၊ ဆိုးတဲ့ အခြေအနေဖြစ်စေ၊ စိတ်အေးအေးထား ကိုင်တွယ်သွားနိုင်ခြင်းကိုသာ ရင့်ကျက်ခြင်းလို့ ကျွန်တော်ကတော့ မြင်ပါတယ်။ ရင့်ကျက်ခြင်းဟာ အတွေ့အကြုံနဲ့ ယှဉ်ပြီးတော့လည်း ပေါ်ပေါက်လာတတ်ပါတယ်။ ကောင်းသော ဆိုးသော အခြေအနေ ပြောက်မြားစွာကို တွေ့ကြုံပြီးတဲ့နောက် အားလုံး တည်ငြိမ်သွားပါတယ်။ ဘာလို့ဆို သူဟာ အတွေ့အကြုံတွေအရ ဘယ်လို ထိန်းချုပ်ရမလဲ သိသွားလို့ပါ။ ဖြစ်လာတဲ့ အခြေအနေတစ်ခုကို အရှိအတိုင်း လက်ခံလိုက်မယ်။ အဲဒီ လက်ခံလိုက်ရတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်အောင် ဘယ်လို နေမလဲဆိုတာ တွေးတောနိုင်ခြင်းကို ကျွန်တော်ကတော့ ရင့်ကျက်ခြင်းလို့ပဲ သတ်မှတ်ချင်ပါတယ်။ အမြင်တွေဟာလည်း မတူကြတာ မို့ အမေက ကလေးဆန်တယ်၊ စိတ်လျှော့လို့ ပြောနေရတဲ့ ကျွန်တော့်ကို ဆရာမက ရင့်ကျက်လာပြီလို့ ပြောတာ ကျွန်တော် ဆရာမရှေ့မှာ ဟန်ဆောင် ကောင်းခဲ့လို့ များလားလို့ပဲ တွေးနေမိပါတော့တယ်။



# နည်းပညာ

နည်းပညာဆိုတဲ့ ဝေါဟာရဟာလည်း ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝတွေမှာ သိသိသာသာတစ်မျိုး၊ မသိမသာ တစ်မျိုး လူတွင်ကျယ် ဝင်လုပ်လာတဲ့ စကားလုံးတစ်ခုပါ။ နည်းပညာလို့ဆိုလိုက်တာနဲ့ ကွန်ပျူတာတွေ၊ စက်ပစ္စည်းတွေ၊ တိုးတက်လာတဲ့ လူနေမှုစနစ်တွေ၊ သက်သာလာတဲ့ နေ့စဉ်လုပ်ငန်းဆောင်တာတွေ၊ စနစ်ကျလာတဲ့ စာရင်းဇယားတွေ စတာတွေကို ပြေးမြင်မိမှာပါပဲ။ နည်းပညာကြောင့် ကျွန်တော်တို့ နေထိုင်မှု စနစ်တွေ ပြောင်းလဲလာရတယ်။ နည်းပညာကြောင့် ကျွန်တော်တို့တွေ အဆင်ပြေလာတယ်ဆိုတာ ငြင်းချက်ထုတ်လို့ မရတဲ့ နည်းပညာရဲ့ လောကအပေါ် ကောင်းကျိုးတွေပါပဲ။ ဒါပေမဲ့ ကောင်းကျိုးတွေချည်းပဲ ပေးတဲ့အရာဆိုတာ လောကမှာ မရှိသလောက် ရှားပါတယ်။ ထို့အတူပဲ နည်းပညာမှာလည်း သူ ပေးနိုင်တဲ့ အဖိုးတန် ကောင်းကျိုးတွေနဲ့အတူ သူ့ကို ခံယူသုံးစွဲခြင်းဖြင့် ရလာနိုင်တဲ့ ဆိုးကျိုးတွေလည်း ရှိတယ်ဆိုတာ ကျွန်တော်တို့ လက်ခံရပါမယ်။

နည်းပညာကိုပဲ အားကိုးလာတဲ့အခါ လူသားတွေရဲ့ ပင်ကိုရှိနေတဲ့ အရည်အချင်းတွေ လျော့ကျလာတယ်ဆိုတာ မငြင်းနိုင်တဲ့အချက်ပါပဲ။ များသောအားဖြင့် ထိတွေ့ ကိုင်တွယ်လို့မရတဲ့ (Soft things) လို့ ခေါ်တဲ့ နူးညံ့တဲ့အရည်အချင်းတွေပါ။ လူသားတွေက ကြင်နာတတ်တယ်၊ သနားတတ်

တယ်၊ အချင်းချင်း စောင့်ရှောက်တတ်တယ်၊ နွေးထွေးတယ် စတဲ့ အရည်အချင်းတွေဟာ အတိတ်ခေတ်တွေနဲ့ ယှဉ်ရင် မျက်မှောက်ခေတ်မှာ စာတမ်းတွေ၊ လေ့လာချက်တွေကောက်ယူပြီး ဆွေးနွေးအဖြေရှာရလောက်တဲ့အထိ ကျဆင်းလာတာကို ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။ မဝေးကွာသေးတဲ့ ကျွန်တော့် ကလေးဘဝက လမ်းပေါ်မှာ ခုန်ပေါက်ပြေးလွှားနေတဲ့အချိန်၊ ယနေ့ခေတ် ကလေးတွေကတော့ အိုင်ဖုန်း၊ အင်တာနက်၊ နက်ဝ့်(ခ်) ဂိမ်း စတဲ့ နည်းပညာတွေနဲ့ ယဉ်ပါးနေကြတယ်။ အဲဒီ နည်းပညာလောကထဲက နေ မထွက်နိုင်တာနဲ့အမျှ ထိုကလေးတွေ ကြီးလာတဲ့အခါ စက်ရုပ်ဆန်ပြီး နွေးထွေးမှုတွေ ကင်းမဲ့လာကြတာကို တွေ့ရပါတယ်။

ကျွန်တော် ခဏနေခဲ့ရတဲ့ စင်ကာပူဆိုတဲ့မြို့ဟာ အလွန်ကို နည်းပညာတိုးတက်တဲ့မြို့ပါ။ သူတို့ဟာ လူတော်တော်များများ အားကျလောက်တဲ့ နည်းပညာ အကူအညီတွေ၊ အဆင့်မြင့်လှတဲ့ စနစ်တွေနဲ့ နေထိုင်ရတာပါ။ ဒါပေမဲ့ သူတို့မျက်နှာတွေမှာ ကြင်နာမှုတွေ ပျောက်ဆုံးနေတယ်။ ရထားတွေပေါ်မှာ သက်ကြီးရွယ်အိုတွေ မတ်တတ်ရပ်နေရင် ထပေးတဲ့လူတွေ ရှားတယ်။ သက်ကြီးရွယ်အိုတွေဟာ စောင့်ရှောက်တဲ့သူကင်းမဲ့တဲ့အပေါ် အထီးကျန်မှုတွေ၊ အားငယ်မှုတွေနဲ့ နေထိုင်ရတယ်။ ဒါက ဥပမာတစ်ခုမျှသာပါ။ ဆုံးရှုံးသွားတဲ့ နွေးထွေးမှုတွေဟာ လူနေမှုအဆင့်အတန်း မြင့်မားမှုအတွက် နည်းပညာဆိုတဲ့ စကားလုံးလေးဆီကို ပေးအပ်လိုက်ရမှာပဲလား၊ လူတွေကိုယ်တိုင်ရဲ့ အမှားပဲလားဆိုတဲ့ အတွေးဟာ နည်းပညာဆိုတဲ့ စကားလုံးတွေ့တိုင်း ကျွန်တော့်ကို တဆွဲခြောက်တုန်း ....။

◎



# ပဋိပက္ခ

လူတိုင်းရဲ့ ဘဝထဲမှာ နေ့စဉ်မဟုတ်တောင် အကြိမ်တော်တော်များများ ကြုံတွေ့ရတဲ့၊ ကြုံတွေ့ရဖူးတဲ့၊ ကြုံတွေ့ရမယ့် အရာတွေက ပဋိပက္ခတွေပါ။ လွယ်လွယ်ပြောရရင် သဘောထားကွဲလွဲမှုနဲ့ ဆိုင်တဲ့ ပြဿနာတွေပေါ့။ ဟုတ်ပါတယ်။ လူတိုင်းဟာ သူ့အတိုင်းအတာနဲ့သူ သဘောထားကွဲလွဲနေကြတယ်။ မိဘနဲ့ သားသမီး၊ လင်နဲ့ မယား စတဲ့ အရင်းနှီးဆုံးလူတွေကြားမှာတောင် သဘောထား ကွဲလွဲနေကြတယ်။ ကုန်ကုန် ပြောရရင် လူတွေအတွက် အရေးကြီးဆုံးဖြစ်တဲ့ ကိုးကွယ်မှုမှာတောင် ပဋိပက္ခတွေ၊ သဘောထားကွဲလွဲမှုတွေ ရှိပါတယ်။ သဘောထားတွေ ဘာလို့ ကွဲလွဲလဲဆိုတော့ အမြင်တွေ မတူလို့ပါ။ အမြင်တွေ ဘာလို့ မတူလဲဆိုတော့ ရှုထောင့်တွေ မတူလို့ပေါ့။ ဟုတ်ပါတယ်။ ကျွန်တော်တို့တွေမှာ မတူညီသော နောက်ခံတွေ၊ မတူညီသော ခံယူချက်တွေ ရှိပါတယ်။ ဒါ့ကြောင့် လောကကို ရှုမြင်ပုံချင်း၊ ဘဝကို ချဉ်းကပ်ပုံချင်း၊ ပြဿနာကို ကြည့်ပုံကြည့်နည်းချင်း စတဲ့ စတဲ့ ရှုထောင့်တွေဟာ မတူညီနိုင်ပါဘူး။

လောကမှာ Universal Truth လို့ခေါ်တဲ့ လူတိုင်း လက်ခံနိုင်တဲ့ အမှန်တရားက နည်းပါတယ်။ အခြေအနေပေါ် မူတည်ပြီး ဆုံးဖြတ်ရတဲ့ အမှန်တရား၊ အခြေအနေပေါ် မူတည်ပြီး သတ်မှတ်တဲ့ အမှန်တရားက များပါတယ်။ အဲဒီတော့ ရှုထောင့်အပေါ် မူတည်ပြီး မှားတယ်၊ မှန်တယ် သတ်မှတ်ချက် ကွာမယ်၊ အမြင်တွေ ကွာမယ်ပေါ့ဗျာ။ အမြင်တွေ ကွာတဲ့အခါ ပြဿနာတွေ စတော့တာပဲ။ တစ်ခါတစ်ခါမှာ သူရင်ဆိုင်ရတဲ့ အခြေအနေနဲ့ ကိုယ်ရင်ဆိုင်ရတဲ့ အခြေအနေ၊ သူရပ်နေတဲ့ ရှုထောင့်နဲ့ ကိုယ်ရပ်နေတဲ့ ရှုထောင့်အပေါ် မူတည်ပြီး အမှန်တရားဆိုတာ ကွာခြားတတ်ပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ တွေးတာချည်း မှန်တယ်လို့တော့ မစဉ်းစားသင့်ဘူး။ တစ်ခါတစ်ရံ သူ့ဘက်ကကြည့်တော့ လက်ဖဝါး၊ ကျွန်တော်တို့ဘက်က ကြည့်တော့ လက်ဖမိုးလေဗျာ။ ကမ္ဘာကြီး လုံးတယ်၊ ပြားတယ်ဆိုတဲ့ ပြဿနာလို ကမ္ဘာကြီးလုံးတာ သက်သေပြလို့ရပေမယ့် တစ်ခါတစ်ရံ သက်သေပြလို့မရဘဲ နှစ်ဖက်စလုံးမှန်နေတဲ့ ကိစ္စရပ်တွေကလည်း အများသားဗျ။ ကမ္ဘာကြီးလုံးတယ်၊ ပြားတယ်ဆိုတဲ့ ပြဿနာတုန်းကလည်း သူ့အယူအဆနဲ့ သူတော့ မှန်ခဲ့တာပဲလေ။ နောက်ဆုံးတော့ ကမ္ဘာမြေရဲ့ ဆွဲငင်တတ်သော သံလိုက်သဘောတရားနဲ့ လပေါ် လူရောက်မှုတွေကပဲ ဖြေရှင်းသွားတာ မဟုတ်လား။

ဖြစ်နိုင်ရင် လက်ဖမိုး၊ လက်ဖဝါး ငြင်းနေမယ့်အစား လက်တစ်ချောင်းလို့ မြင်အောင် ကြည့်ကြတာ အကောင်းဆုံးပါ။ ဘာလို့လဲဆိုတော့ လက်ဖမိုးနဲ့ လက်ဖဝါးဟာ ရှုထောင့်အပေါ် မူတည်ပြီး ပြောင်းလဲနိုင်လို့ပါ။ ကျွန်တော်တို့မှာ ပုံသေဆိုတာ မရှိပါဘူး။ ပြဿနာတွေကို ချဉ်းကပ်တဲ့အခါ မတူညီတဲ့ အမြင်များလေ၊ ကျွန်တော်တို့အတွက် ပုံရိပ်ဖော်မှု စွမ်းရည် ပိုမြင့်လေပါပဲ။ အမြင်ပေါင်းစုံက ကြည့်တဲ့အခါ ပိုပိုကောင်းမွန်တဲ့ ဖော်ဆောင်ချက်တစ်ခုကိုရဖို့၊ ပဋိပက္ခတွေမှာ အဓိကဆိုတာကို တွေ့ရဖို့၊ အမြင်တွေကို ပူးပေါင်းဖို့ လိုပါတယ်။

အကယ်၍ ခင်ဗျားအနေနဲ့ မပူးပေါင်းမဆောင်ရွက်နိုင်ဘူးဆိုရင် တောင်မှ တစ်ဖက်လူရဲ့ သဘောထားကိုတော့ နားလည်ပေးသင့်ပါတယ်။ နာမည်ကြီး စာရေးဆရာတစ်ယောက် ပြောခဲ့သလိုပေါ့။ "ခင်ဗျားရဲ့ အဆိုကို ကျုပ် အပြင်းအထန် ကန့်ကွက်တယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ကိုတော့ ကျုပ်အသက်နဲ့လဲပြီး ကာကွယ်သွားမှာပါ"တဲ့။ ဟုတ်ပါတယ်။ ကျွန်တော်တို့မှာ သဘောထားကွဲလွဲခွင့်နဲ့ လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ရှိပါတယ်။ ဒါပေမဲ့ သူတစ်ပါးရဲ့ နေရာက ဝင်မကြည့်ဘဲနဲ့ ကျွန်တော်တို့နဲ့ ဆန့်ကျင်နေတယ်ဆိုတာတစ်ခုတည်းနဲ့ပဲ ရှုံ့ချကန့်ကွက်နေလို့တော့ မဖြစ်ဘူးပေါ့။ တစ်ခါလောက်တော့ သူရပ်နေတဲ့ နေရာက သွားကြည့်ပေးကြပါစို့။



# ညှိနှိုင်းဆွေးနွေးမှု

ခုခေတ်နောက်ပိုင်းမှာ အသုံးများလာတဲ့ စကားလုံးတစ်လုံး ရှိတယ်။ ညှိနှိုင်းဆွေးနွေးမှုတဲ့။ ပဋိပက္ခတွေ၊ အယူအဆတွေ၊ ထိပ်တိုက် တွေ့နေတဲ့ ပြဿနာတွေကို ဖြေရှင်းခြင်းနဲ့ အတူတွဲလျက် ကပ်ပါလာတဲ့ စကားလုံးပါ။ ဘဝမှာ သေချာတာတစ်ခုကတော့ ဘာပဲလုပ်ချင် လုပ်ချင် ကျွန်တော်တို့ လူတွေနဲ့ ကင်းကွာလို့ မရဘူးဆိုတာပါပဲ။ လူတွေနဲ့ ဆက်ဆံရမယ်။ လူတွေနဲ့ အလုပ်တွေ အတူတူ လုပ်ရပါမယ်။ တစ်ယောက်တည်းနဲ့ ဖြစ်နိုင်တယ် ဆိုတာတွေ မရှိမဟုတ် ရှိပေမယ့်၊ ကိစ္စကြီးတွေ တော်တော်များများမှာ ပူးပေါင်းဆောင်ရွက်သူတွေ မပါဝင်ဘဲ မပြီးနိုင်ပါဘူး။

ကျွန်တော်တို့ဟာ ပတ်ဝန်းကျင်နဲ့ နေထိုင်တဲ့အတွက်လည်း ဘယ်တော့မဆို တစ်ယောက်တည်းနေလို့ မရပါဘူး။ အရာရာတိုင်းဟာ ပူးပေါင်းဆောင်ရွက်ရတဲ့ ကိစ္စရပ်တွေ များလှပါတယ်။ ပူးပေါင်းဆောင်ရွက်ပြီဆိုမှ တော့ လူတစ်ယောက်ထက် ပိုပြီပေါ့။ လူတွေ များလာရင် သဘောထား ကွဲလွဲမှုတွေ များလာမှာ ထုံးစံပါပဲ။ လူတွေနဲ့ ကင်းကွာလို့မရတဲ့ ကျွန်တော်တို့ ဘဝတွေမှာ အယူအဆတွေ ထိပ်တိုက်တွေ့တာတို့၊ လိုအင်ဆန္ဒတွေ ထိပ် တိုက်တွေ့တာတို့ စတဲ့ ပြဿနာတွေ ရှောင်လွှဲလို့ မရပါဘူး။ သဘော ထားတွေ ကွဲလွဲကြပြီဆိုရင်တော့ ညှိနှိုင်းဆွေးနွေးရတာ ထုံးစံပါပဲ။ ဘာမှ မသက်ဆိုင်တဲ့သူတွေနဲ့ သဘောထားကွဲလွဲတာ ပြဿနာမဟုတ်ပေမယ့်၊

ပူးပေါင်းဆောင်ရွက်သူချင်း သဘောထားကွဲလွဲတဲ့အခါ စုပေါင်းဦးတည်ချက်ကို ရောက်နိုင်ဖို့အတွက် သူ့ဘက် ကိုယ့်ဘက် ကြည့်ပေးရတာတွေ၊ အလျှော့ပေးရတဲ့ အခြေအနေတွေ ကြုံတွေ့လာရမှာပါပဲ။

ညှိနှိုင်းဆွေးနွေးကြပြီဆိုကတည်းက အလျှော့ပေးရမယ်ဆိုတဲ့သဘောကို နည်းနည်းတော့ နားလည်ထားရပါမယ်။ ကိုယ်လိုချင်တာတွေ ဦးစားပေးနေသရွေ့ ဘယ်တော့မှ အဖြေဆိုတာ ရမလာနိုင်ဘူးဆိုတာကတော့ အသေအချာပါ။ ညှိနှိုင်းဆွေးနွေးမှုဟာ မတူညီတဲ့အမြင်တွေကို တူညီအောင် ပြုလုပ်ခြင်း မဟုတ်ပါဘူး။ မတူညီတဲ့ အမြင်ရှိသူနှစ်ယောက် (သို့) နှစ်ဖွဲ့ တူညီတဲ့ ရည်မှန်းချက်ကို ဘယ်လိုသွားမလဲဆိုတာ စဉ်းစားတာပါ။ ညှိနှိုင်းဆွေးနွေးမှုမှာ သူတစ်ပါးဆန္ဒကို အကုန်လက်ခံပေးသင့်တယ်လို့ မဆိုလိုပေမယ့်၊ သူတစ်ပါးရဲ့ အခြေအနေနဲ့ ခံယူချက်ကို နားလည်အောင် ကြိုးစားဖို့တော့ အဓိကကျလှပါတယ်။ ဆန္ဒတွေ ထိပ်တိုက်တွေ့နေတဲ့ အခြေအနေမှာ တစ်ဖက်လူနဲ့ နားလည်မှုရှိရှိ နှစ်ဖက်မျှတဲ့ အခြေအနေတစ်ခု ဖန်တီးနိုင်ခြင်းဟာလည်း လူတစ်ယောက်ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရည်အချင်းပါပဲ။

o



# အပြောင်းအလဲ

ဘဝမှာ မလုပ်မဖြစ် လုပ်ရမယ့်အရာတစ်ခု ရှိတယ်။ အဲဒါက ပြောင်းလဲခြင်းပါပဲ။ ဘဝမှာ နဂိုထဲက အရေးပါခဲ့တဲ့ 'အပြောင်းအလဲ'ဆိုတဲ့ စကားလုံးဟာ ကျွန်တော်တို့နိုင်ငံမှာတော့ အမေရိကန်သမ္မတ အိုဘားမားရဲ့ ရွေးကောက်ပွဲ၊ ပြီးနောက် ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီ အပြောင်းအလဲ စတာတွေကြောင့် နေ့စဉ် လူတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစား လာရပါတယ်။ ကျွန်တော်တို့ ဘာလို့ ပြောင်းလဲကြပါသလဲ။ လက်ရှိ အခြေအနေထက် ပိုမို ကောင်းမွန်လာမလားဆိုတဲ့ မျှော်လင့်ချက်လေးကြောင့်ပါ။ အပြောင်းအလဲတွေဟာ ကျွန်တော်တို့ကို တိုးတက်မှု၊ ကြီးပွားမှု၊ အောင် မြင်မှုတို့ဆီကို လက်ရှိအခြေအနေဆီကနေ ဆွဲခေါ်သွားတဲ့ အရာလို့ ယုံကြည် ကြတယ်။ တစ်ဖက်မှာလည်း ကျဆုံးခြင်း၊ ရှုံးနိမ့်ခြင်းစတာတွေကို ဦးတည်တဲ့ အပြောင်းအလဲတွေလည်း ရှိတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပါ၊ အမှန်တရား တစ်ခုကတော့ လက်ရှိရောက်လက်စ နေရာမှာပဲ ကျောက်ချရပ်နေရင်တော့ ဘာမှ ထူးမလာနိုင်ပါဘူး။

အဲဒီတော့ အမြဲတမ်း ပိုမိုကောင်းမွန်သော ဘဝကို နေထိုင်နိုင်ဖို့ ကြိုးစားနေတဲ့ လူသားတွေရဲ့ ဘဝမှာ အပြောင်းအလဲဆိုတဲ့ စကားလုံးက အရေးပါလာတာပါပဲ။ ဘဝဆိုတာ လှေကားထစ်တွေကို တက်နေရတာပါ။ ကိုယ့်ဘဝရဲ့ လှေကားထစ်ကို ကိုယ်ကိုယ်တိုင်ဆောက်ပြီး တက်ရတာပါ။

လှေကားတစ်ထစ်ကို ရောက်ပြီး အဲဒီထက်မြင့်တဲ့ နေရာကို ရောက်ချင်တယ်ဆိုရင်တော့ အဲဒီအပေါ်ထစ်ကို တည်ဆောက်ပြီး ကိုယ်ကိုယ်တိုင်က လှမ်းတက်မှ ကောင်းသောအပြောင်းအလဲ ဖြစ်မှာပါ။

အရာရာတိုင်းမှာ အကောင်းအဆိုးဆိုတာ ရှိပါတယ်။ လှေကားထစ်ကို ပြောင်းရင် ပိုမြင့်တဲ့ အကျိုးကျေးဇူးရှိသလို ပြုတ်ကျနိုင်တဲ့ ဆိုးကျိုးလည်း ရှိပါတယ်ဆိုတာ လူတိုင်းက သိလို့ မပြောင်းလဲရဲကြ၊ မပြောင်းလဲဖြစ်ကြတာပါ။ ကြောက်လို့ပဲ ဖြစ်ဖြစ်၊ ကျေနပ်လို့ပဲဖြစ်ဖြစ် လှေကားထစ်ကို ဆက်လည်း မတက်၊ ကိုယ်ရောက်နေတဲ့နေရာက မပြောင်းလဲနိုင်ရင်တော့ ထိပ်ဆုံးအောင်မြင်မှုဆီကို မရောက်နိုင်ပါဘူး။

လှေကားထစ်အပြောင်းအလဲမှာ ပြုတ်ကျမှာကိုတော့ လူတိုင်းကြောက်ကြတာပါပဲ။ လှေကားထစ်မြင့်လေလေ အကျနာလေလေဖြစ်လို့ ပြောင်းလဲမှုကို ကြောက်လေလေပါပဲ။ ဒါပေမဲ့ ကိုယ်ရောက်နေတဲ့ လှေကားထစ်နဲ့လည်း မတင်းတိမ်နိုင်တော့ ကြောက်ကြောက်နဲ့ ဆက်တက်ရတာပါပဲ။ ပြုတ်ကျမကျဆိုတာ ကျွန်တော်တို့ မသိနိုင်ပေမယ့် ပြောင်းလဲရမယ့် လှေကားထစ်ကိုတော့ ကိုယ်တိုင် ဆောက်ရတာပါ။ ကိုယ်ကိုယ်တိုင်က လှေကားထစ်ကို ညီညီညာညာ၊ အခြေခိုင်ခိုင် ဆောက်ခဲ့မယ်ဆိုရင်ဖြင့် အပြောင်းအလဲမှာ နောက်ကြောင်း ပြန်လှည့်စရာ မလိုသလို၊ မရွံ့မရဲ ရပ်နေစရာလည်း လိုမယ် မထင်ပါဘူး။

❂



## သင်ခန်းစာ

သင်ယူရခြင်းဆိုတာ ဘယ်တော့မှ မပြီးဆုံးတဲ့ ဖြစ်စဉ်တစ်ခုပါ။ သင်ခန်းစာတွေဆိုတာကလည်း ကျွန်တော်တို့ရဲ့ နေ့စဉ်လှုပ်ရှားမှုဘဝရဲ့ ပြောဆိုနေကျ စကားလုံးတစ်လုံး အဖြစ် ရှိနေပါတယ်။ 'သင်ခန်းစာ' တဲ့။ အဲဒီ စကားလုံးကို တွေ့ရင် ဘယ်လို ခံစားမိသလဲတော့ မသိဘူး။ ကျွန်တော်ကတော့ သင်ခန်းစာဆိုတဲ့ စကားလုံးကို အနာဂတ်ဘဝအတွက် ရယူစရာလို့ မြင်ပါတယ်။ ဟုတ်ပါတယ်။ သင်ခန်းစာဆိုတာ ကျွန်တော့်တို့ရဲ့ ရှေ့ဆက်ရမယ့် ဘဝခရီးအတွက် အထောက်အကူပြု အသုံးချစရာတစ်ခုပါ။

အတွေ့အကြုံတွေ၊ အဖြစ်အပျက်တွေကတစ်ဆင့် လူတိုင်းကို လောကကြီးက သင်ခန်းစာတွေ ပို့ချပေးနေပါတယ်။ ဆရာ၊ ဆရာမတွေကလည်း စာသင်ခန်းထဲမှာ သင်ခန်းစာတွေ ပို့ချပေးလိုက်တာပါပဲ။ စာသင်ခန်းတွေ ပြီးဆုံးလို့ လောကထဲမှာ တစ်ယောက်တည်း ကျင်လည်တော့လည်း သင်ခန်းစာယူစရာတွေ တွေ့နေရသေးတာပါပဲ။ ယူတတ်ဖို့ပဲ လိုတာပါ။ သင်ခန်းစာတွေကတော့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ပြည့်နှက်နေပါတယ်။ သင်ခန်းစာနဲ့ ပတ်သက်ပြီး ကျွန်တော်ကတော့ ပုံပြင်လေးတစ်ပုဒ်ကို သတိရပါတယ်။

အဲဒီ ပုံပြင်လေးကတော့ ပါမောက္ခက အရင်ဆုံး ဖန်ခွက်ထဲကို ကျောက်တုံးတွေ ထည့်တယ်။ ပြည့်သွားပြီလားလို့ မေးပါတယ်။ ကျောင်း

သားတွေက ပြည့်သွားပါပြီပေါ့။ အဲဒီနောက် ပါမောက္ခက ကျောက်စရစ်ခဲလေးတွေကို ထည့်တယ်။ ဝင်သေးတာပဲ။ ပြည့်သွားပြီလားလို့ ထပ်မေးတော့ထပ်ဖြေကြတယ်၊ ပြည့်သွားပါပြီပေါ့။ အဲဒီနောက် ပါမောက္ခက သဲတွေကိုလောင်းထည့်တယ်။ ပြီးတော့ ထပ်မေးပြန်တယ် ပြည့်သွားပြီလားပေါ့။ ကျောင်းသားတွေကလည်း ထပ်ပြောတယ်၊ ပြည့်သွားပါပြီလို့။ အဲတော့မှပဲ ဖန်ခွက်ကလည်း တကယ်ပြည့်သွားတော့တယ်။ သူများတွေကတော့အဲဒီပုံပြင်ကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြပေမယ့် ကျွန်တော်ကတော့ သင်ခန်းစာရှုထောင့်ကနေ မြင်ပါတယ်။

ကျွန်တော်တို့ဘဝမှာ ကျောက်တုံးလိုမျိုး စာသင်ခန်းကတစ်ဆင့်အခြေခံသင်ခန်းစာတွေ သင်ယူခဲ့ရတယ်။ မလုံလောက်သေးပါဘူး။ ဘဝမှာပတ်ဝန်းကျင်ကတစ်ဆင့် သင်ခန်းစာတွေ ကျောက်စရစ်ခဲလို ထည့်ပြီး ရယူရဦးမှာပါ။ ဒါပေမဲ့ အဲဒီ ဖန်ခွက် ပြည့်မသွားသေးပါဘူး။ သဲနဲ့တူတဲ့ အသေးစိတ် ကိုယ်တွေ့ကြုံရတဲ့ သင်ခန်းစာတွေကို ဖြည့်တင်းလိုက်တဲ့အခါမှသာပြီးပြည့်စုံတဲ့ သင်ခန်းစာကို ရနိုင်မှာပါ။ အဲဒီ ပုံပြင်လေးကနေ သင်ခန်းစာတွေအပေါ် အမြဲတမ်းလူတွေက လုံလောက်ပြီလို့ ထင်တဲ့အကြောင်းနဲ့ အသေးစိတ်လေ့လာမှသာ ပြည့်ဝတဲ့ သင်ခန်းစာတစ်ခုဖြစ်လာကြောင်း ကျွန်တော်ကတော့ သင်ခန်းစာရခဲ့ပါတယ်။ အဲဒီလိုပါပဲ၊ ဘဝမှာ အတွေ့အကြုံတွေ၊ကြားဖူးနားဝတွေအပေါ် သင်ခန်းစာရပုံချင်းမတူသလို ယူပုံချင်းလည်း မတူကြပါဘူး။

❂



## အခက်အခဲ

'အခက်အခဲ' တဲ့။ တော်တော့်ကို ဘဝနဲ့ အပ်စပ်တဲ့ စကားလုံးပဲ။ အခက်အခဲများတဲ့ အခြေအနေ၊ အခက်အခဲနဲ့ ရုန်းကန်နေရတာတွေကို တောင် ဘဝဆန်တယ်လို့ ပြောယူရတဲ့အခြေအနေထိ အခက်အခဲဆိုတဲ့ စကားလုံးဟာ ဘဝနဲ့ နီးစပ်ခဲ့ပါတယ်။ အခက်အခဲဆိုတဲ့ စကားလုံးကို ကျွန်တော်တို့က ကြားရုံနဲ့ ကြောက်ရွံ့ကြတယ်။ ဘဝမှာ အောင်မြင်မှုတွေရဖို့၊ အခက်အခဲတွေကို ကျော်ဖြတ်ရမယ်။ အခက်အခဲဆိုတာ တကယ်တော့ ဘဝက မေးတဲ့ စာမေးပွဲပါပဲ။ အောင်မြင်မှုတွေနဲ့ ထိုက်တန် မတန်၊ အခက်အခဲတွေနဲ့ စမ်းသပ်လေ့ရှိပါတယ်။ အခက်အခဲတွေကြောင့်လည်း ကျွန်တော်တို့ ပိုမိုသန်မာလာတာမျိုး ရှိပါတယ်။ အောင်မြင်မှုဆိုတာ လွယ်လွယ်ကူကူနဲ့ ရမှတော့ ဘယ်တန်ဖိုးရှိပါတော့မလဲ။ ကျွန်တော်တို့ကလည်း အခက်အခဲကင်းတဲ့ အောင်မြင်မှုအတွက် အချိန်တွေ ဘာလို့ အကုန်ခံတော့မှာလဲ။ အခက်အခဲဆိုတဲ့ စကားလုံးလေးကို ကျွန်တော်ကတော့ အင်တာနက်ထဲက ဖတ်ဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်နဲ့ တွဲမှတ်ထားပါတယ်။ လိပ်ပြာပုံပြင်ပေါ့။

လိပ်ပြာဟာ အရောင်အသွေးစုံတဲ့ အတောင်ပံတွေကို မပိုင်ဆိုင်ရခင် ပိုးတုံးလုံးဘဝကို အချိန်ကာလတစ်ခုထိ ဖြတ်သန်းရပါတယ်။ တစ်နေ့ ပိုးတုံးလုံး အကွဲတွေထဲကနေ ခဲရာခဲဆစ် ရုန်းထွက်နေတဲ့ လိပ်ပြာသားလောင်း တစ်ကောင်ကို လူတစ်ယောက်က တွေ့ပြီး ကူညီချင်စောနဲ့ ကတ်ကြေးတစ်

လက်ယူပြီး အဲဒီ ပိုးဝုံးလုံးအခွံလေးကို ရှန်းရလွယ်အောင် ဖြတ်ပေးလိုက်ပါတယ်။ နောက်တော့ သူဟာ သူ့ကူညီမှုနဲ့ ဖြစ်လာမယ့် လိပ်ပြာလေးကို စောင့်ပေမယ့် ဘယ်တော့မှ ဖြစ်မလာခဲ့ပါဘူး။ လိပ်ပြာမှာ အတောင်တွေ ပေါက်လာဖို့ ပိုးတုံးလုံးအခွံကို တွန်းခွဲထွက်ရင်း အဲဒီက ထွက်လာတဲ့ အရည်တွေကတစ်ဆင့် အားယူရတာပါ။ အဲဒီမှာ ပိုးတုံးလုံးခွံကို ခွဲပေးတဲ့အခါ လိပ်ပြာဟာ ရှန်းရသက်သာသွားပေမယ့် မိုးပေါ်ကို ပျံတက်ခွင့်၊ ပန်းဝတ်ရည် သောက်သုံးခွင့်၊ အတောင်အသွေး စုံစုံနဲ့ ဝင့်ကြွားခွင့်တွေကို လက်လွှတ်လိုက်ရတာပါပဲတဲ့။

အဲဒီလိုပါပဲ။ ကျွန်တော်တို့ဘဝတွေမှာလည်း အခက်အခဲနဲ့ ရှန်းကန်ခြင်းကနေ ခွန်အားတွေ ရရှိစေမှာပါ။ သူတစ်ပါးအကူအညီကိုသာ အခက်အခဲတွေတိုင်း စောင့်နေရရင်ဖြင့် လိပ်ပြာလို ပိုးတုံးလုံးဘဝနဲ့ နိဂုံးချုပ်သွားရမှာပါ။ ပုံပြင်ထဲမှာတော့ လိပ်ပြာဟာ ကူညီသူကို ရှင်းပြခွင့် မသာခဲ့ရှာပါဘူး။ ကျွန်တော်တို့ကတော့ လူသားတွေဖြစ်တဲ့အတွက် လိပ်ပြာလို သူများလာကူညီတာကို ငြိမ်ခံမနေလို့ ရပါတယ်။ ကိုယ့်အားကိုယ်ကိုးလို့ ရပါရက်နဲ့ အခက်အခဲကို ရှောင်လွှဲချင်ရင်တော့ဖြင့် ကျွန်တော်တို့ အထက် မြင့်မြင့်ကို ရောက်နိုင်မှာ မဟုတ်သလို အရောင်အသွေးစုံစုံနဲ့လည်း ဝင့်ကြွားနိုင်မှာ မဟုတ်ပါဘူး။




# ကံတရား

ကျွန်တော် ငယ်ငယ်က ပုံပြင်တွေ ဖတ်ရတာ အင်မတန် နှစ်သက်ပါတယ်။ ပုံပြင်တွေထဲမှာ ကံကို ယုံတဲ့သူတွေအကြောင်း၊ ကံဆိုးတဲ့လူတွေအကြောင်း၊ ကံကောင်းတဲ့လူတွေအကြောင်း ဖတ်ဖူးပါတယ်။ ပုံပြင်ထဲမှာ ကံတရားဟာ ဇာတ်လမ်းရဲ့ အချိုးအကွေ့တစ်ခု ဖြစ်သလို လက်တွေ့ဘဝမှာလည်း ကောင်းသောကံတရားဖြစ်စေ၊ ဆိုးသော ကံတရားဖြစ်စေ ကံတရားဆိုတဲ့ စကားလုံးက လူ့ဘဝရဲ့ အချိုးအကွေ့ ကြီးကြီးတွေနဲ့အတူ ပေါ်လာလေ့ရှိတဲ့ စကားလုံးပါ။ မထင်မှတ်လောက်အောင် ကောင်းတာဖြစ်ဖြစ်၊ မထင်မှတ်လောက်အောင် ဆိုးသွားတာ ဖြစ်ဖြစ် အဲဒီ ရလဒ်တွေအတွက် အကြောင်းအရင်း မည်မည်ရရ ပေးစရာမရှိရင် ကံတရားဆိုတဲ့ စကားလုံးကို တွင်တွင်သုံးကြပါတယ်။ ကံတရားဆိုတဲ့ စကားလုံးဟာ သုံးတိုင်း မကောင်းပါဘူး။ ကံမပါလို့ဆိုပြီး ထိုက်သင့်သလောက် မကြိုးစားတာဟာ ရောင့်ရဲခြင်းမဟုတ်ဘဲ ပျင်းရိခြင်းဖြစ်သလို၊ ကံကောင်းတယ်ဆိုပြီး မကြိုးစားရင်လည်း ဒုက္ခဖြစ်တတ်လို့ပါ။ ကံတရားဟာ တစ်ခါတစ်ရံ အင်မတန်မှ ဆန်းကြယ်ပါတယ်။ ကြိုးစားတဲ့သူတစ်ယောက်ကို ထီပေါက်စေပြီး သူ့ရဲ့ ဝီရိယတွေ နှတ်ယူလိုက်တဲ့အခါတွေလည်း ရှိပါတယ်။

ကျွန်တော်တို့တွေ ဘဝမှာ ကံကောင်းတယ်ဆိုတဲ့ စကားကို ကြားရခဲပေမယ့် ကံဆိုးတယ်ဆိုတဲ့စကားကိုတော့ လူတိုင်းရဲ့ ညည်းညူရာအဖြစ်

ကြားနေရပါတယ်။ များသောအားဖြင့် လူအများစုဟာ အခါအခွင့် မသင့်လို့ အဆင်မပြေတဲ့အခါ၊ ကြိုးစားသလောက် ဖြစ်မလာတဲ့အခါ ကံဆိုးတယ်၊ ကံဆိုးတယ်ဆိုပြီး ညည်းညူလေ့ ရှိကြတယ်။ ကြာလာတော့ အဲဒီ ကံဆိုးတယ် ဆိုတဲ့စကားကိုပဲ သုံးရတာ စွဲလမ်းလာပြီး ထိုက်သလောက် မကြိုးစားတော့ဘဲ ကံဆိုးလို့ဆိုတဲ့ စကားကို တွင်တွင်သုံးနေတော့တာပါပဲ။ ကျွန်တော်ကတော့ ကံကို ယုံတာ မယုံတာထက် ကံတရားဆိုတဲ့ စကားလုံးကို တွေ့ကြုံစရာလို့ပဲ သဘောထားပါတယ်။ ကံတရားဆိုတာကို စောင့်မျှော်မနေသလို၊ ကံဆိုးခြင်းတွေကိုလည်း ညည်းညူရတာ သဘောမကျတတ်ပါဘူး။ ကံကောင်းတဲ့အချိန် ကြိုးစားရင် ပိုရမယ်။ ကံဆိုးတဲ့အချိန် ကြိုးစားထားရင် ထင်သလောက် အကျမနာဘူးပေါ့ဗျာ ။



# အတိတ်

အတိတ်ဆိုတဲ့ စကားလုံးရဲ့ လူ့ဘဝတွေအပေါ် လွှမ်းမိုးမှု က တော်တော်ကို ကြီးမားပါတယ်။ အတိတ်ဆိုတာတွေဟာ ကျွန်တော်တို့ ဘဝတွေမှာ လွှမ်းဆွတ်တမ်းတစရာတွေ၊ ပြန်လည်သတိရအောက်မေ့စရာ တွေ၊ သင်ခန်းစာတွေ၊ အားရကျေနပ်စရာတွေ၊ ပျော်ရွှင်မှုတွေ စသည်စသည် ခံစားချက်တွေနဲ့ ပြည့်နှက်နေပါလိမ့်မယ်။ အောင်မြင်နေတဲ့ စီးပွားရေးလုပ် ငန်းရှင်တစ်ယောက်က အတိတ်မှာ သူ ရုန်းကန်ခဲ့ရတာတွေကို ပြန်လှန် ပြောရင် ပြောမယ်။ ဘဝနေဝင်ချိန်ကို ရောက်နေတဲ့ ရုပ်ရှင်မင်းသမီးကြီးက အတိတ်ဆိုတဲ့ စကားလုံးကို သူ့ရဲ့ တစ်ချိန်က ရွှေထီးဆောင်းခဲ့မှုတွေကို ပြန်ပြောင်းသတိရတဲ့အခါ သုံးရင် သုံးမယ်။ အတိတ်မှာ လုပ်ခဲ့တဲ့ အကောင်း အဆိုးတွေဟာ ကျွန်တော်တို့ရဲ့ ဘဝတစ်လျှောက်လုံးတွဲလျက် လိုက်ပါနေ မှာပါပဲ။ အတိတ်က ဘဝအပေါ် ပေးနိုင်တဲ့ ကောင်းကျိုးတွေ ရှိသလို၊ အတိတ်က ရုန်းမထွက်နိုင်ရင်လည်း ဘဝမှာ အခက်အခဲတွေ ဖြစ်စေပါ တယ်။

လူဆိုတာ အတိတ်ကို မေ့မပစ်သင့်ပေမယ့် လက်ရှိ ကိုယ့်လက်ထဲမှာ ထိန်းချုပ်နိုင်ခြေ အပြည့်အဝရှိနေတဲ့ ပစ္စုပ္ပန်ကို ပိုပြီး စိတ်ဝင်စားသင့်ပါတယ်။ အတိတ်က အောင်မြင်မှုတွေကို ခုအခက်အခဲတွေကြားက ကြိတ်မနိုင် ခဲမရ နောင်တတွေနဲ့ စွဲလမ်းသူတွေ ရှိတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ။ အတိတ်

ဆိုတဲ့ စကားလုံးဟာ လက်ရှိ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခြေအနေ၊ ရလာခဲ့တဲ့ ရလဒ်တွေ အားလုံးရဲ့ အကောင်းဆုံးပြချက်ပါပဲ။ ကျွန်တော့် အတွက်တော့ အတိတ်ဆိုတဲ့ စကားလုံးဟာ ပြီးခဲ့တဲ့ ပန်းချီကားတစ်ချပ် လိုပါပဲ။ လှတဲ့နေရာတွေကို ကြည့်ပြီး ခံစားမယ်။ စုတ်ချက်အမှားတွေကို ကြည့်ပြီး သင်ခန်းစာတွေ ယူပါမယ်။ ဒါပေမဲ့ အတိတ်ဆိုတဲ့ စကားလုံးကို ကျွန်တော်က လက်ရှိ အကျိုးရလဒ်တွေရဲ့ အကြောင်းပြချက်အဖြစ်ပဲ ချိတ် ဆက်နားလည်ချင်တာမို့ အနာဂတ်အတွက် ကျွန်တော် ဆွဲရဦးမယ့် ကျွန်တော့်လက်ထဲရှိတဲ့၊ မတို့မထိရသေးတဲ့ အဖြူထည်ကင်းဗတ်စ အပေါ် ကိုတော့ အရိပ်ပါးပါးလေးတစ်ခုအဖြစ်ကလွဲပြီး နေရာပေးဖို့ စိတ်ကူးမရှိ ပါဘူး။



# နောင်တ

လူတိုင်းဟာ အမှားနဲ့ မကင်းကြပါဘူး။ အတိတ်က မှားခဲ့တဲ့ မိုက်မဲစွာ ရူးသွပ်ခဲ့မှုတွေ၊ လုပ်သင့်လုပ်ထိုက်တာကို မလုပ်ခဲ့မှုတွေရဲ့ အကျိုးဆက်တွေကို လက်ရှိမှာ ခံစားရတဲ့အခါ မရိုးတင်ကဲ ဖြစ်ရတယ်။ အဲဒီခံစားချက်ကို ကျွန်တော်တို့က နောင်တလို့ ခေါ်ပါတယ်။ နောင်တဆိုတဲ့ စကားလုံးအတိုင်းပဲ နောင်မှရတာမို့လို့ ပြန်လည် ပြင်ဆင်ခွင့်မရှိတော့ပါဘူး။ ပိုပြီး ကြီးစားဖို့ပဲ ရှိပါတယ်။ နောင်တရတယ်ဆိုတာ ကျွန်တော်တို့ ရှေ့ဆက်ရမယ့် အနာဂတ်ကို ပိုမိုကောင်းမွန်စေမယ့် သင်ခန်းစာနဲ့ ခွန်အားတွေ ဖြစ်ရင် ကောင်းပါတယ်။ တစ်ခုရှိတာက နောင်တတွေက နောင်တတွေကို ထပ်မံဖန်တီးတတ်ပါတယ်။ လုပ်သင့်တာကို မလုပ်လိုက်ရလို့ ဖြစ်မလာလေခြင်းဆိုပြီးတော့ လက်ရှိအခြေအနေမှာလည်း ထပ်မလုပ်လိုက်ဘဲ နေလို့ကတော့ နောင်တစ်ချိန်ကျရင်လည်း နောင်တဆိုတာ ရနေမှာပါပဲ။ ဒါကြောင့် ဘဝမှာ ကျွန်တော်ကတော့ နောင်တဆိုတဲ့ စကားလုံးကို ကြာကြာခံစားလေ့ မရှိပါဘူး။

အသီးတစ်လုံးလိုပဲ၊ အထဲက သင်ခန်းစာနဲ့ ခွန်အားဆိုတဲ့ အနှစ်သားတွေကို ထုတ်ပြီးတာနဲ့ မကောင်းတဲ့ အခွံလွတ်လို နောင်တတွေကို လွှင့်ပစ်လိုက်ပါတယ်။ တကယ်တော့ နောင်တဆိုတာ ဖြစ်ပြီး၊ လုပ်ပြီး၊ ပြန်လည်ပြင်ဆင်မရတော့တဲ့ အမှားတွေ အတွက်ပါ။ ကျွန်တော်တို့မှာ ရမိတဲ့ နောင်တ

အပေါ် ထိန်းချုပ်နိုင်ခြေ ၁ ရာခိုင်နှုန်းတောင် မရှိပါဘူး။ လက်ရှိနဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်ကို ထိန်းချုပ်နိုင်ခြေကမှ ၁၀၀ ရာခိုင်နှုန်း အပြည့်၊ အောင်မြင်နိုင်ခြေလည်း ၁၀၀ ရာခိုင်နှုန်းအပြည့် ရှိပါတယ်။ ဒါ့ကြောင့် ကိုယ် မလုပ်နိုင်တော့မယ့်ဟာကို ကိုယ့်အတွက် အခွင့်အလမ်းအပြည့်ရှိတဲ့ ပစ္စုပ္ပန်အပေါ်တော့ အကျိုးသက်ရောက်ခွင့် မပေးနိုင်ပါဘူးဗျာ။ တချို့ကတော့ နောင်တဆိုတဲ့ စကားလုံးနဲ့အတူ သူတို့ရဲ့ ခွန်အားတွေ၊ မျှော်လင့်ချက်တွေကို စိတ်ပျက်လက်ပျက် ဖြစ်နေခြင်းတွေနဲ့အတူ ရေစုန်မျှောပစ်လိုက်လိမ့်မယ်။ ကျွန်တော်ကတော့ နောင်တဆိုတာကို ရမိတိုင်း ကုန်လွန်သွားတဲ့ အခြေအနေနဲ့ အချိန်အခါတွေအတွက် နစ်ဆ ပိုကြိုးစားဖို့ စိတ်ကို မွေးမြူထားလိုက်တာပါပဲ။ နောင်တနဲ့ ပတ်သက်တဲ့ ကျွန်တော် ကြိုက်တဲ့ အဆိုအမိန့်ကလေးတစ်ခုကတော့ . . .

*"ဘဝတစ်လျှောက်လုံးအတွက် နောင်တရမိတာက အမှားတွေလုပ်ဖို့ အချိန်အများကြီး သုံးခဲ့တာပါပဲ။ တကယ်လို့ ဘဝကို အစက ပြန်စလို့ရမယ်ဆိုရင် အမှားအများကြီးကို အချိန်တိုတိုနဲ့ မြန်မြန်လုပ်ပစ်လိုက်ချင်တယ်"* တဲ့။

သင်ယူချိန်တွေ၊ ကြိုးစားချိန်တွေ ပိုရတာပေါ့ဗျာ။



# မိမိကိုယ်ကို ယုံကြည်မှု

ကျွန်တော့်ဘဝတစ်လျှောက်လုံး ယုံကြည်မှုဆိုတဲ့ စကားလုံးကို နှစ်မျိုးခွဲခြားပြီး သုံးစွဲခဲ့ပါတယ်။ မိမိကိုယ်ကို ယုံကြည်မှုနဲ့ သူတစ်ပါးအပေါ် ယုံကြည်မှုတို့ပါ။ မိမိကိုယ်ကို ယုံကြည်မှုဆိုတာ အလုပ်တစ်ခု အောင်မြင်ပြီးဆုံးအောင်လုပ်နိုင်ဖို့ အင်မတန်ကို အရေးပါပါတယ်။ သူတစ်ပါးနဲ့ ဆက်ဆံရာမှာလည်း ယုံကြည်ထိုက်တဲ့လူကို ထိုက်တန်သော ယုံကြည်မှုကို ပေးပါမှ နှစ်ဦးနှစ်ဖက် ဆက်ဆံရေး ခိုင်မြဲနိုင်မှာပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဆိုတာကိုတော့ ကိုယ့်ရဲ့ ခွန်အား ၊ ကိုယ့်ရဲ့ ခံယူချက်၊ ကိုယ့်ရဲ့ ဆုံးဖြတ်ချက်တွေအပေါ် လေးစားယုံကြည်ခြင်းပါလို့ ကျွန်တော် နားလည်ပါတယ်။ အောင်မြင်တဲ့ လူတိုင်းဟာ ကိုယ့်ရဲ့ စွမ်းရည်အပေါ်ကိုရော၊ ကိုယ်လုပ်တဲ့ အလုပ်အပေါ်ကိုပါ ယုံကြည်တတ်ကြတယ်။ တစ်နည်းအားဖြင့် ကိုယ့်ရွေးချယ်မှုအပေါ် ယုံကြည်မှုကြောင့် သူတို့အတွက် အောင်မြင်မှုရလဒ်တွေ ရခဲ့တာပါလို့ အားလုံးလိုလိုက ပြောလေ့ရှိကြပါတယ်။ ကျွန်တော့်အတွက် ကိုယ့် ကိုယ်ကိုယ် ယုံကြည်မှုဆိုတဲ့ စကားလုံးဟာ ကြီးမားတဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်တဲ့အခါ အခက်အခဲတွေကြား တစ်ယောက်တည်း အထီးကျန်နေတဲ့ အခါတွေမှာ အကောင်းဆုံး အဖော်မွန်ပါပဲ။ အမှန်တကယ်တော့ ကျွန်တော် ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု နည်းပါးသူပါ။ ဖြစ်နိုင်ပါ့မလားဆိုတဲ့ မေးခွန်းအတွက် ဖြစ်မယ်ဆိုတဲ့ အဖြေကို ပေးမိပေမယ့်လည်း အလုပ်

တော်တော်များများကို စလုပ်တိုင်းမှာ ဖြစ်နိုင်မယ် မထင်ဘူးဆိုတာနဲ့ပဲ စလေ့ရှိပါတယ်။

ဒါပေမဲ့ ကျွန်တော် ထင်ရှားတဲ့ ခေါင်းဆောင်တစ်ယောက်ရဲ့ အင်တာဗျူးအဖြေမှာ စကားလေးတစ်ခွန်းကို ကြားလိုက်ရတယ်။ အဲဒီ စကားကြားပြီးတဲ့နောက်ပိုင်းမှာတော့ ကျွန်တော့်ဘဝရဲ့ ပြီးမြောက်ခဲ့တဲ့ ကိစ္စရပ်တော်တော်များများမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဆိုတဲ့ စကားလုံးရဲ့ အခန်းကဏ္ဍ ပါဝင်လာတော့တာပါပဲ။ အဲဒီ ခေါင်းဆောင်ရဲ့ စကားကတော့ "ဖြစ်ကို ဖြစ်လာရမှာပါ။ ဘာလို့ဆို ဖြစ်နိုင်မယ်လို့ ယုံကြည်တယ်လေ" တဲ့။ ဟုတ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်နဲ့ ခွန်အားတွေကို ကျွန်တော်တို့ကိုယ်တိုင် ဇဝေဇဝါ ဖြစ်နေမှတော့ ရလဒ်ရဲ့ ခိုင်မာမှုဟာလည်း တစ်ဆင့်ပြီးတစ်ဆင့် လျော့ကျနေမှာပါ။ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးဆိုတဲ့ စကားကို ယုံကြည်မှ ကိုယ့်အတွက် မဖြစ်နိုင်တာ မရှိအောင်လုပ်ဖို့ အားတွေဖြစ်စေမှာဖြစ်သလို၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါမှလည်း ကိုယ်လုပ်နိုင်မယ်ဆိုတဲ့ ခွန်အားကတစ်ဆင့် ကိစ္စရပ်တွေကို အောင်မြင်အောင် လုပ်ဆောင်နိုင်မှာပါ။ တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းက ကိုယ်ရဲ့ စွမ်းဆောင်ရည်ကို တိုးမသွားစေရင်တောင် ကိုယ့်ရဲ့ခွန်အားနဲ့ စွမ်းရည်တွေကို အကောင်းဆုံး အသုံးချဖို့ တွန်းအားပေးနိုင်တာတော့ ကျွန်တော့် ကိုယ်တွေ့ပါပဲ။

✪



## အကြောက်တရား

သတင်းဓာတ်ပုံတွေ တွေ့တဲ့အခါ လူမျက်နှာတွေ ပါလာရင် သူတို့ မျက်နှာတွေကနေ ကျွန်တော်တို့ကို ပေးချင်တဲ့ အကြောင်းအရာကို တူးဆွရတာကို စိတ်ဝင်စားပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော် မျက်နှာတွေကို စိတ်ဝင်စားပါတယ်။ မျက်နှာတွေနဲ့အတူ များသောအားဖြင့် တွဲတွေ့ရလေ့ရှိတဲ့ စကားလုံး တော်တော်များများမှာ အကြောက်တရားဆိုတဲ့ စကားလုံးကလည်း တစ်ခုအပါအဝင်ပေါ့ဗျာ။ မလုံခြုံလို့ ကြောက်တဲ့ မျက်နှာတွေ၊ အပြစ်လုပ်ထားလို့ ကြောက်တဲ့ မျက်နှာတွေ၊ ဖြစ်ရပ်တစ်ခုကို မြင်လိုက်ရလို့ ကြောက်တဲ့ မျက်နှာတွေ၊ အန္တရာယ်တစ်ခုကို တွေ့ရလို့ ကြောက်တဲ့ မျက်နှာတွေ၊ အကြောက်တရားဆိုတဲ့ စကားလုံး အောက်ထဲ ထည့်လို့ရတယ်လို့ တွေးမိရင် အကြောက်တရားဆိုတဲ့ အရာကို ဖြစ်ပေါ်စေတဲ့ အကြောင်းအရင်းတွေကလည်း များကြောင်းကိုတော့ တွေ့ရမှာပါ။

ဘာကြောင့်ပဲဖြစ်ဖြစ် အကြောက်တရားဆိုတာလည်း ကျွန်တော်တို့ ဘဝအဘိဓာန်ရဲ့ ရှေ့ဆုံးစာမျက်နှာတွေက စကားလုံးတစ်လုံးဆိုတာ ငြင်းပယ်နိုင်မယ် မထင်ပါဘူး။ လူတိုင်းကြောက်တဲ့ အကြောင်းအရင်းတွေလည်း ရှိသလို လူတချို့မှသာ ကြောက်နိုင်တဲ့ အကြောင်းအရင်းတွေလည်း ရှိပါတယ်။ ဖန်တီးယူလို့ရတဲ့ အကြောက်တရားတွေရှိသလို ကယ်ထုတ်ယူလို့ရတဲ့ အကြောက်တရားတွေလည်း ရှိပါတယ်။ ကြောက်တယ်ဆိုကတည်းက

ကိုယ့်ဘက်က မလုံခြုံ စိတ်မချရလို့ ကြောက်တယ်ပေါ့ဗျာ။ ကြုံတွေ့လာရမယ့် အခြေအနေမှာ ကိုယ့်ဘက်က လုံခြုံမှုမရှိလို့ ကြောက်နေရတယ်ပေါ့။ ဒါပါပဲ။ အရင်းကို စစ်လိုက်ရင် အဲဒီအကြောက်တရားကို ဘယ်လို ကျော်လွှားကြမလဲလို့ ကျွန်တော့်ကို မေးလာရင် ကိုယ့်စိတ်ကိုယ် လုံခြုံအောင် တည်ဆောက်ယူရုံက လွဲလို့ တခြားအဖြေ မရှိပါဘူး။ ကိုယ့်စိတ်ကို လုံခြုံအောင် မလုပ်နိုင်တဲ့ လူတစ်ယောက်ဟာ ကိုယ့်ခန္ဓာကိုယ်ကို အကြောက်တရားက ကင်းလွတ်တဲ့ လုံခြုံရာကို ပို့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်က အကြောက်တရားဆိုတဲ့စကားနဲ့ ကြောက်ရွံ့နေတဲ့ မျက်နှာတွေကို တွေ့ရတိုင်း စိတ်တွေလုံခြုံအောင် တည်ဆောက်နိုင်ကြပါစေ။ မလုံမခြုံ အမိုးအောက်က ရုန်းထွက်နိုင်ကြပါစေလို့ ဆုတောင်းရင်း ကိုယ်ချင်းစာမိရုံကလွဲလို့ ကျွန်တော့်မှာ တခြားကူညီပေးနိုင်တဲ့ အင်အားတော့လည်း မရှိပါဘူး။

✿



# အကောင်းမြင်စိတ်

ဘဝဆိုတာကို အဓိပ္ပာယ် ဖွင့်ဆိုခိုင်းရင် လူတိုင်းနီးပါးလောက်က ရုန်းကန်ရတာတွေ၊ စိန်ခေါ်မှုတွေ၊ တိုက်ပွဲတွေ၊ စိတ်ညစ်ညူးစရာတွေ၊ အခက်အခဲတွေ၊ ခရီးကြမ်းတွေ စတဲ့ စတဲ့ စကားလုံးတွေနဲ့ပဲ ထပ်တူပြုကြလေရဲ့။ ဒါဆို ကျွန်တော်တို့ရဲ့ ဘဝတွေမှာ ပျော်ရွှင်စရာတွေ မရှိတော့ဘူးလား၊ ရှိပါတယ်။ ပျော်စရာတွေ ပေါလိုက်သမှ။ စိတ်ကြည်နူးစရာတွေရော မရှိဘူးလား၊ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် အပါအဝင်ပေါ့ဗျာ၊ လူဆယ်ယောက်မှာ ခုနစ်ယောက်လောက်က ကိုယ့်အပူနဲ့ကိုယ် စိတ်ညစ်တဲ့ဘက်က လှည့်တွေးနေတဲ့ အချိန်တွေ များမယ်ထင်တယ်။

အဲဒါကို တွေးမိတဲ့အခါ ကျွန်တော် သတိရမိတဲ့ စကားလုံးလေးတစ်လုံးရှိတယ်။ 'အကောင်းမြင်စိတ်'တဲ့။ စကားလုံးလေးကလှလည်း လှတယ်။ ပေးနိုင်တဲ့ အင်အားကလည်း အံ့မခန်းပါပဲ။ အကောင်းမြင်စိတ်ရှိခြင်းက ဘဝကို ရုန်းကန်တဲ့အခါ ကောင်းသော အထောက်အကူပြုမှုတွေပေးတယ်ဆိုတာ ကျွန်တော်တို့တွေ တော်တော်များများ သိကြပါတယ်။ တစ်ခုပါပဲ၊ လိုက်မလုပ်နိုင်တာပါ။ အရာရာကို အကောင်းဘက်က မြင်ပေးဖို့ဆိုတာ လွယ်တော့ မလွယ်လှဘူးပေါ့ဗျာ။ ဖန်ခွက်ထဲက ရေတစ်ဝက်ဉပမာလိုပေါ့။ ရေတစ်ဝက်တောင်ရှိတယ်လို့ ပြောတဲ့လူထက် ရေတစ်ဝက်တည်းလို့ ပြောတဲ့ လူက ပိုခရီးပန်းနေတော့ နှစ်ယောက်မလောက်မှာ

စိုးရိမ်ပြီး ပြောလိုက်တာမျိုးလည်း ဖြစ်နိုင်တာပဲလေ။

မကောင်းမြင်ပြီး စိတ်ဓာတ်ကျတာက ဘဝအတွက် မကောင်းသလို ဘာတိုးတက်မှုမှလည်း ဖြစ်လာမှာ မဟုတ်ပါဘူး။ ကိုယ့်စိတ်က မကောင်းမြင်မှုတွေကြားမှာ ပိတ်မိနေတော့ ဘဝ တိုးတက်ဖို့အတွက် အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်မလာနိုင်တော့ဘူးပေါ့။ အကောင်းမြင်ဆိုတိုင်း တော့လည်း အရာရာအကောင်းမြင်ပြီး ရောင့်ရဲကျေနပ်ဖို့ မဟုတ်ပါဘူး။ အကောင်းမြင်ခြင်းကို ကျေနပ်စွာ အားလျော့ခြင်းလို့ ကျွန်တော်က ဘယ်တော့မှ မခံယူပါဘူး။ အကောင်းမြင်တယ်ဆိုတာကို ကျွန်တော်က ကျေနပ်စွာ လက်ခံခြင်းလို့ပဲ ယူဆပါတယ်။ ဖြစ်လာသမျှ အခြေအနေတွေအပေါ် ကောင်းမွန်စွာ တုံ့ပြန်နိုင်ဖို့ အကောင်းမြင်စိတ်နဲ့ လက်ခံမှ ပြဿနာဟာ ပိုပြီး ရှင်းလင်းပြတ်သားစွာ ပေါ်လာမှာပါ။ ရတာလေးကို အကောင်းဆုံး အသုံးချနိုင်ဖို့ အဲဒီ ရတာလေးနဲ့ပဲ လုံလောက်တယ်ဆိုတဲ့ အကောင်းမြင်စိတ်က စရပါမယ်။ ရောင့်ရဲလွန်ခြင်းဟာလည်း မကောင်းမြင်ခြင်းနည်းတူ ကိုယ့်ဘဝတက်လမ်းကို ပိတ်နိုင်တဲ့ ပျင်းရိခြင်းတစ်မျိုး ဖြစ်တာမို့ အကောင်းမြင်စိတ်နဲ့တင် မရပ်တန့်ပဲ ကောင်းမွန်စွာ တုံ့ပြန်၊ ကောင်းမွန်စွာ သင်ယူ၊ ကောင်းမွန်စွာ အသုံးချပြီး ပန်းတိုင်ရောက်အောင်သွားပါလို့ တိုက်တွန်းချင်ပါတယ်။

○



# စည်းကမ်း

'စည်းကမ်းသည် လူ၏ တန်ဖိုး' တဲ့။ အဲဒီ ဆောင်ပုဒ်ကိုတော့ လူတိုင်းလိုလို ကြားဖူးကြမှာပါ။ စည်းကမ်းဆိုတဲ့ စကားလုံးကလည်း ကျွန်တော်တို့ဘဝကို ထိန်းမတ်ပေးနေတဲ့ လူတွေရဲ့ ဘဝတွေထဲက မရှိမဖြစ် စကားလုံးတစ်လုံးပါပဲ။ ကိုယ့်ဘဝကိုယ် တည်ဆောက်ရာမှာပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင်နဲ့ နေထိုင်ရာမှာပဲဖြစ်ဖြစ် စည်းကမ်းဆိုတဲ့ စကားလုံးလေးကိုတော့ နေ့စဉ်နဲ့အမျှ ကြားနေရမှာပါ။

စနစ်ကျမှု၊ စည်းကမ်းရှိမှုဆိုတာ လူတိုင်း၊ နေရာတိုင်းအတွက် လိုအပ်တဲ့အရာပါ။ ကျွန်တော်တို့ကိုယ်တိုင် ချမှတ်ထားတဲ့ တစ်ကိုယ်ရေ စည်းကမ်းတွေရှိသလို အများသူငါ လိုက်နာဖို့ သတ်မှတ်ထားတဲ့ ယေဘုယျစည်းကမ်းဆိုတာတွေလည်း ရှိပါတယ်။ ကျွန်တော်ကတော့ စည်းကမ်းဆိုတာကို အကောင်းဆုံး၊ စနစ်တကျအရှိဆုံး အခြေအနေကို ဖန်တီးနိုင်ဖို့ တစ်သမတ်တည်းဖြစ်ခြင်းကို ဦးစားပေးတဲ့ ကန့်သတ်ချက်တွေလို့ပဲ နားလည်ပါတယ်။ စည်းကမ်းတိုင်းကို လိုက်နာနိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ လူတွေအားလုံး စည်းကမ်းဆိုတာတွေကို ပြီးပြည့်စုံအောင် လိုက်နာနိုင်တဲ့ အခြေအနေဆိုတာ ရှိကို မရှိပါဘူး။

စည်းကမ်းရှိလှပါတယ်ဆိုတဲ့ ကျွန်တော်တို့နဲ့ အနီးဆုံး နိုင်ငံတွေမှာတောင် သူ့နည်းသူ့ဟန်နဲ့ စည်းကမ်းဖောက်ဖျက်နေတဲ့သူတွေ ရှိပါတယ်။

အဓိကကတော့ စည်းကမ်းဖောက်မှု အနည်းဆုံးနိုင်ငံ၊ အနည်းဆုံး လူက တိုးတက်တယ်၊ စနစ်ကျတယ်၊ ဒါပါပဲ။ အဲဒီတော့ ကျွန်တော်တို့ ဘာလို့ စည်းကမ်းဖောက်မိရသလဲပေါ့။

စည်းကမ်းကို ဘာလို့ဖောက်မိလဲဆိုတာရဲ့ အဓိကအကြောင်းအရင်း ကတော့ အလွယ်လိုက်မှုနဲ့ ဘောင်ခတ်ထားတာကို မကြိုက်တဲ့ လူ့သဘာဝ ကြောင့်ပါပဲ။ အခြေအနေအရ ဖောက်ရတဲ့ စည်းကမ်းဆိုတာလည်း ရှိမှာ ပေါ့။ တကယ်တော့ စည်းကမ်းဖောက်ရတဲ့ ယေဘုယျ အကြောင်းရင်း သုံးချက် ရှိပါတယ်။ စည်းကမ်းကို ဂရုမစိုက်လို့ရတဲ့ အခြေအနေရယ်၊ စည်းကမ်းမရှိလည်း ရတယ်ဆိုတဲ့ စိတ်ခံစားမှုရယ်၊ အားနည်းတဲ့ နောက်ဆက်တွဲ အရေးယူမှု စနစ်ရယ်ပါ။ အခြေအနေဆိုတာမှာ နောက်တစ်ချက်က စည်းကမ်းဆိုတာကို လိုက်နာဖို့လည်း ဖြစ်နိုင်တဲ့အခြေအနေ ရှိရပါမယ်။ လိုက်နာဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုရင်တော့ လူတွေက အဲဒီ စည်းကမ်း ကို မလွဲမသွေ ချိုးဖောက်ရတော့မှာပဲလေ။

စည်းကမ်းသတ်မှတ်ရာမှာလည်း ကိုယ့်အတွက် တစ်ကိုယ်ရေ စည်းကမ်းတွေ သတ်မှတ်တာပဲဖြစ်ဖြစ်၊ လူအများအတွက် စည်းကမ်း သတ် မှတ်တာပဲ ဖြစ်ဖြစ် ဒီစည်းကမ်းတွေကို အထက်ပါ အခြေအနေ သုံးရပ်နဲ့ ချိန်ထိုးပြီး သတ်မှတ်သင့်ပါတယ်။ လိုက်နာဖို့လည်း ဖြစ်နိုင်တဲ့ စည်းကမ်း၊ မလိုက်နာလို့လည်း မရတဲ့ စည်းကမ်း စတဲ့ စည်းကမ်းထိန်းသိမ်းရေး စနစ် တွေကို ဖန်တီးနိုင်ရင်ဖြင့် စနစ်ကျလှပါတယ်ဆိုတာတွေရော၊ စည်းကမ်း ရှိလှပါတယ်ဆိုတာတွေရော အကုန်လုံး ပိုင်ဆိုင်နိုင်ပြီပေါ့ဗျာ။

❂




# အနာဂတ်

အနာဂတ်ဆိုတာ ကျွန်တော့်အတွက် တစ်ခါတစ်ရံ စိတ်ချမ်းသာစရာ အကောင်းဆုံး၊ တစ်ခါတစ်ရံမှာလည်း အကြောက်လန့်ဆုံး၊ စိတ်လှုပ်ရှား စရာစတဲ့ ခံစားချက်မျိုးစုံ ပေးစွမ်းနိုင်တဲ့ စကားလုံးပါပဲ။ ဟုတ်ပါတယ်။ အနာဂတ်ဆိုတာ အဆင့်သင့်မဖြစ်သေးတဲ့သူတွေအတွက်တော့ ထိတ်လန့် စရာပေါ့။ မျှော်လင့်ချက်နဲ့ လူတွေအတွက်တော့ ရင်ခုန်စရာပေါ့။ လေကြီး လေကျယ် သကြိန်အပြောက်တွေအတွက်တော့ အိပ်မက်တွေကို ပြောတိုင်း သုံးနေကျစကားလုံးပေါ့။ အဲဒီ စကားလုံးဟာ ကျွန်တော်တို့ဘဝအတွက် တော့ ကောင်းကောင်းအရေးပါတာ သေချာပါတယ်။ ဘာလို့ဆို ရှင်သန်နေ ထိုင်ရခြင်းရဲ့ အကြောင်းပြချက်တွေဟာ အနာဂတ်မှာပဲ မူတည်နေလို့ပါ။ လုပ်ကိုင်နေတဲ့ အလုပ်တွေရဲ့ အကျိုးရလဒ်က အနာဂတ်မှာ ပေါ်မယ်။ ဘဝရဲ့ အဓိကအဓိပ္ပာယ်ဖြစ်တဲ့ ကြိုးစားမှုတွေက အနာဂတ်ကို ဦးတည်တယ်။ ခွန်အားတွေ ပေးစွမ်းနိုင်တဲ့ ရည်မှန်းချက်တွေက အနာဂတ်ကို ရည်ညွှန်း တယ်။ ဟုတ်ပါတယ်၊ များသောအားဖြင့် ကျွန်တော်တို့ဟာ အနာဂတ် အတွက် ရည်မှန်း အလုပ်လုပ်ကြတာ များတယ်။

ရေတိုသမားနဲ့ ရေရှည်သမားကတော့ ကွာတာပေါ့လေ။ ဒါပေမဲ့ လူသားတိုင်းသည် နောင်မှာဖြစ်လာမယ့် အရာတွေအတွက် ကြိုတင် ကြိုးစား နေတယ်ဆိုတာကတော့ ငြင်းလို့ မရပါဘူး။ ကျွန်တော်တို့က အနာဂတ်ကို

မသေချာမှုတွေနဲ့ တွဲလျက် ဖွင့်ဆိုတတ်ကြတယ်။ လုပ်သလောက် ဖြစ်မလာမှာ၊ မလုပ်ထားလို့ ဖြစ်မလာမှာ စတဲ့ အကြောင်းပြချက် ကိုယ်စီနဲ့ အနာဂတ်ကို ရင်ခုန်ကြ၊ ကြောက်ရွံ့ကြတယ်။ အနာဂတ်ဆိုတာ မျှော်လင့်ချက်ပါ။

အနာဂတ်ကို အပြည့်အစုံ မဖန်တီးနိုင်ပေမယ့် ကျွန်တော်တို့ ဘဝရဲ့ အနာဂတ်ကိုတော့ ကျွန်တော်တို့ ထိန်းချုပ်နိုင်၊ ဖန်တီးနိုင်ရပါမယ်။ အနာဂတ်ဆိုတာဟာ မိုးလေဝသ ခန့်မှန်းရသလိုပဲ။ မလွယ်လှပါဘူး။ အချိန်မရွေး ပြောင်းလဲနိုင်တဲ့ သက်ရောက်မှုတွေဟာ အနာဂတ်ရဲ့ ရလဒ်တွေအပေါ်မှာ လွှမ်းမိုးမှုရှိနေပါတယ်။ အဲဒီအတွက် အနာဂတ်ဆိုတာ ကျွန်တော်တို့ကို အကောင်းရော၊ အဆိုးရော ပေးနိုင်ပါတယ်။ မှန်းချက်နဲ့ နှမ်းထွက်မကိုက်မှုတွေ ရှိမှာဖြစ်သလို၊ ထင်ထားတာထက် ပိုဖြစ်နိုင်တဲ့ အခြေအနေတွေလည်း ကြုံရမှာပါ။ အဓိကက ခန့်မှန်းနိုင်ခြင်းနဲ့ ကြိုတင်ပြင်ဆင်ခြင်းပြုမှသာ အနာဂတ်ကို အောင်နိုင်မှာပါ။ ကြိုတင်ပြင်ဆင်ခြင်း ဆိုရာမှာလည်း အကောင်းဆုံးအတွက် မျှော်လင့်ထားသလို၊ အဆိုးဆုံးအတွက်လည်း ရင်ဆိုင်ရန် အသင့်ဖြစ်နေရမယ်လို့ ဆိုလိုခြင်းပါပဲ။



# ပတ်ဝန်းကျင် အသိုင်းအဝိုင်း

"ပတ်ဝန်းကျင်က ဘယ်လို မြင်သလဲ"၊ "အသိုင်းအဝိုင်းနဲ့ နေတာကွ"၊ "သမီးကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါဘူးလေ"၊ "ရေခံ မြေခံကောင်းတော့ တိုးတက်တာပေါ့"၊ "ပတ်ဝန်းကျင်ကိုက စရိုက်တဲ့ ဘယ်နှယ့်လုပ်ကောင်းတော့မလဲ"။ ကဲ စကားလုံးတွေကို မြင်နေကျအတိုင်းပါပဲ။ ပတ်ဝန်းကျင်အပေါ် ဂရုမစိုက်မှုတွေ၊ စိုးထိတ်မှုတွေ၊ မထေမဲ့မြင်ပြုမှုတွေ၊ အကောင်းမြင်ခံရခြင်းတွေ၊ အဆိုးမြင်ခံရခြင်းတွေ စတာတွေကို တွဲပြီး တွေ့နိုင်ပါတယ်။ ပတ်ဝန်းကျင်ဆိုတာ ဘယ်သူက ဂရုမစိုက်ပါဘူးပြောပြော၊ ကွဲကွာလို့ မရတဲ့ စကားလုံးပါပဲ။ အသိုင်းအဝိုင်းက ဘယ်လို မြင်သလဲ။ ကျွန်တော်တို့ရဲ့ အပြုအမူတွေက ပတ်ဝန်းကျင်နဲ့ ဘယ်လောက် ကိုက်ညီမှုရှိသလဲ။ ဘယ်အချက်ကတော့ ပတ်ဝန်းကျင်နဲ့ လွဲနေတယ် စတာတွေဟာ နေ့စဉ် ဆုံးဖြတ်ချက်နဲ့ လူနေမှုဘဝတွေထဲမှာ မကင်းနိုင်တဲ့ စကားတွေပါပဲ။

ကိုယ်က ကောင်းပါလျက် ပတ်ဝန်းကျင်ကြောင့် အထင်အမြင်သေး ခံရတယ်။ ကိုယ်က ကောင်းချင်ပါရဲ့၊ ပတ်ဝန်းကျင် ဖျက်လို့ ပျက်ရတယ် စတာတွေဟာ ကျွန်တော်တို့ရဲ့ ဘဝတွေမှာ ကြုံခဲ့ဖူး၊ တွေ့ခဲ့ဖူး၊ မြင်ခဲ့ဖူးမှာပါ။ ဘဝမှာ တစ်ယောက်တည်း နေလို့မှ မရတာ။ ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့မရတာ ကျွန်တော် လက်ခံပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာနဲ့ ပတ်သက်လာပြီဆိုရင်တော့ ကျွန်တော်တို့ဟာ လိုက်လျောညီထွေ နေထိုင်

တတ်မှု၊ ဆုံးဖြတ်ချက်ခိုင်မာမှုနဲ့ စိတ်ခါတ်ကြံ့ခိုင်မှုတို့ကို နေရာမှန်ကန်စွာ သတိထား သုံးစွဲတတ်ဖို့ လိုပါတယ်။

တချို့သော ကိစ္စတွေမှာ လိုက်လျော ညီထွေ နေထိုင်တတ်ရမယ်။ တချို့သော ကိစ္စတွေမှာ ဆုံးဖြတ်ချက် ခိုင်မာရမယ်။ တချို့သော ပတ်ဝန်းကျင်နဲ့ တွဲ၍ အထင်သေးခံရခြင်းတွေမှာ စိတ်ခါတ်ကြံ့ခိုင်ရပါမယ်။ ဘယ်ကိစ္စမှာ ဘယ်လိုနေရမယ်ဆိုပြီး သတ်မှတ်ချက်တွေ မရှိသော်ငြား ကျွန်တော်တို့ဟာ အထက်ပါ သုံးချက်ကို ပတ်ဝန်းကျင် အခြေအနေအပေါ် မူတည်ပြီး အသုံးပြုတတ်ရင်ဖြင့် ဘဝမှာ အဆင်ပြေပြေ ရှင်သန်ခွင့်ရမှာပါ။ တချို့က ပြောတယ်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်ရင် ရနိုင်ပေမယ့် အောင်မြင်မှု၊ အမှန်တရားကို လက်ခံမှု၊ ကျရှုံးမှု၊ ရလဒ် စတာတွေအတွက်ကတော့ ပတ်ဝန်းကျင်ဟာ ကင်းကွာလို့ မရဘူးဆိုတာ ကျွန်တော်တို့ လက်ခံရပါမယ်။ အချုပ်ဆိုရင်တော့ ဘဝမှာ ဖြစ်ချင်တာတွေ ဖြစ်နိုင်ဖို့ ပတ်ဝန်းကျင်ဆိုတဲ့ ကွက်လပ်တွေမှာ လိုက်လျောညီထွေကို ဖြည့်မလား၊ ရပ်တည်ချက်ခိုင်မာမှုကို ရွေးမလား၊ စိတ်ခါတ်ကြံ့ခိုင်မှုကိုပဲ အမှီပြုရမလား ဆိုတာ စဉ်းစားရမှာပါပဲ။



# ရည်မှန်းချက်နဲ့ ဝါသနာ

ရည်မှန်းချက်တဲ့။ ဝါသနာတဲ့။ ကလေးဘဝက ခဏခဏ အမေးခံရတဲ့ မေးခွန်းပဲ။ ငယ်ငယ်ကတော့ ရည်မှန်းချက်နဲ့ ဝါသနာကို သိပ်မကွဲခဲ့ဘူး။ ခုထိလည်း မတည်ငြိမ်သေးပါဘူး။ ရည်မှန်းချက်ဆိုတဲ့ စကားလုံးရော၊ ဝါသနာဆိုတဲ့ စကားလုံးပါ ဘဝအတွက် အရေးကြီးလှပါတယ်။ ဘဝရဲ့ အောင်မြင်မှုရလဒ်တွေမှာ ကိုယ်ရဲ့ ရည်မှန်းချက်နဲ့ ကိုယ်ရဲ့ ဝါသနာ ထပ်တူကျမှုတွေက အရေးကြီးလှပါတယ်။ ချမှတ်လိုက်တဲ့ ရည်မှန်းချက်တွေတိုင်းဟာ ဝါသနာနဲ့ ထပ်တူမကျတောင် ကိုက်ညီအောင်တော့ ကျွန်တော်တို့ ကြိုးစားကြပါတယ်။ ဒါ့ကြောင့် ဘဝအတွက် အရေးပါတဲ့ ရည်မှန်းချက်ဆိုတဲ့ ဖြစ်ချင်တဲ့အရာကို သတ်မှတ်နိုင်ဖို့ဆိုရင် ဝါသနာဆိုတဲ့ ကိုယ်လုပ်ချင်တဲ့အရာကို အရင်ဆုံး သိရပါတယ်။ ကျွန်တော် ငယ်ငယ်က ဟိုယောင်ယောင် ဒီယောင်ယောင်ပါပဲ။ ကဗျာရေးလား ရေးရဲ့၊ ပန်းချီဆွဲလား ဆွဲရဲ့၊ စန္ဒရားတီးလား တီးရဲ့၊ ဘာမှ ဖြစ်ဖြစ်မြောက်မြောက်ကို ဝါသနာ မပါခဲ့ပါဘူး။

တစ်ခါတစ်ရံ လမ်းခုလတ်ရောက်မှ ကိုယ်နဲ့ ဘယ်လိုမှ မဖြစ်နိုင်မှန်းသိလို့ နောက်ပြန်လှည့်ခဲ့ရတာတွေ ကျွန်တော်ကိုယ်တိုင် ကြုံဖူးသလို လူတော်တော်များများလည်း သူတို့ဘဝထဲမှာ ကြုံဖူးမှာပါ။ ဘာပဲဖြစ်ဖြစ် ဝါသနာနဲ့ ရည်မှန်းချက်ဟာ ကျွန်တော်တို့ဘဝရဲ့ အစိတ်အပိုင်း ဝေါဟာရလေးဖြစ်တယ်ဆိုတာကတော့ လုံးဝကို သေချာပါတယ်။

ဘာ ဝါသနာပါမှန်း မသိတဲ့ ပြဿနာပြီးတဲ့အခါ ဝါသနာပါရာကို မလုပ်နိုင်တဲ့ ပြဿနာပေါ့ဗျာ။ ပတ်ဝန်းကျင်ကြောင့် ဖြစ်စေ၊ အခြေအနေ ကြောင့်ဖြစ်စေ ကိုယ် ဝါသနာပါရာကို မလုပ်နိုင်ဘဲ ရည်မှန်းချက်တွေ လွဲရတဲ့ အခါတွေ ရှိပါတယ်။ အဲဒီအခါကျရင်လည်း ကျရှုံးတတ်ကြပါတယ်။ ဒီလို ဆိုတော့ အောင်မြင်ဖို့ ဝါသနာနဲ့ ရည်မှန်းချက်က တစ်ထပ်တည်း ကျရမှာ လား။ အဲဒီနှစ်ခု တစ်ထပ်တည်းကျမှ အောင်မြင်မှာလားဆိုတော့၊ မဟုတ်ရ ပါဘူး။ လုံးဝကို မဟုတ်ပါဘူး။ ဝါသနာနဲ့ ရည်မှန်းချက် မကိုက်ညီပေမယ့် အောင်မြင်နေတဲ့သူတွေ ဒုနဲ့ဒေးပါ။ ဒါဆို ကျရှုံးတဲ့သူတွေက ဘာလို့ ကျရှုံး ရသလဲ။ ရှင်းရှင်းလေးပါ။ ကျွန်တော်တို့ဟာ ဘဝမှာ လုပ်ချင်တာတွေ မလုပ်ရတဲ့ အခြေအနေကို တွေ့ရတဲ့အခါ အဲဒီအခြေအနေမှာ ဘယ်လို ရှင်သန်နေထိုင်ရမလဲဆိုတာထက် ဆန္ဒနဲ့ ဘဝ တစ်ထပ်တည်းမကျမှုအတွက် ဘဝကို အရွဲ့တိုက်ချင်စိတ်တွေ များနေလို့ပါပဲ။ တစ်ခါတစ်ရံ ရည်မှန်းချက် ပြည့်မြောက်ဖို့ ဝါသနာကို လုပ်ယူရတဲ့ အခြေအနေတွေ အောင်မြင်သူတိုင်းမှာ ရှိခဲ့တယ်ဆိုတာ မမေ့ပါနဲ့။

○



# ကတိ

ကတိဆိုတဲ့ အရာတွေ၊ သစ္စာဆိုတဲ့ စကားလုံးတွေဟာ လူနဲ့လူချင်း မကင်းနိုင်တဲ့ ကျွန်တော်တို့ဘဝမှာ ကင်းကွာလို့မရတဲ့ စကားလုံးတွေပေါ့။ ကျွန်တော့်အမြင်အရတော့ ခုနောက်ပိုင်းခေတ်တွေမှာ ကတိဆိုတဲ့ စကား အပေါ် ယုံကြည်ရမှုတွေ လျော့ပါးလာတယ်လို့ ထင်တယ်။ အရင်ခေတ်က လို နှုတ် ကတိတွေ ထားဦး၊ နှုတ်တစ်ရာ စာတစ်လုံးပါဆိုတဲ့ စာချုပ်ဆိုတာ တွေကိုပါ ဖောက်ဖျက်လာတာ တွေ့ရတယ်။ အဲဒီကနေ အကျိုးဆက်အဖြစ် ယုံကြည်မှုတွေ ပျောက်ဆုံးလာတယ်ပေါ့ဗျာ။ ကတိဆိုတဲ့ စကားလုံးဟာ ပြောတော့သာ လွယ်ပေ လှပေမယ့်၊ သူရဲ့ နောက်ကွယ်က တာဝန်ယူမှု ဆိုတာကတော့ တော်တော့်ကို ခက်ခဲတဲ့ စကားလုံးပါ။ တစ်ခုခုကို ဖြစ်စေရ ပါမယ်ဆိုပြီး ဖြစ်အောင် လုပ်ပေးတယ်ဆိုတာ တာဝန်ယူမှုပါပဲ။ တာဝန်ယူမှု မရှိရင် ကျွန်တော်တို့ ပါးစပ်ကထွက်တဲ့ ကတိဆိုတဲ့ စကားလုံးဟာ တန်ဖိုးမဲ့ သွားတော့မှာပါ။

ဒါ့ကြောင့် ယုံကြည်မှုတွေ ပျောက်ဆုံးလာတဲ့၊ တစ်ပါးသူအပေါ် သံသယတွေ ကြီးစိုးလာတဲ့ ယနေ့ခေတ်အခြေအနေမှာ ကတိထက် လုပ် ဆောင်ချက်နဲ့ သက်သေပြဖို့က ပိုပြီး အရေးကြီးလာပါတယ်။ တာဝန်ယူမှု ဆိုတာ ကတိဆိုတဲ့ စကားလုံးတိုင်းရဲ့ နောက်ကွယ်မှာ ရှိကို ရှိသင့်ပါတယ်။ လူမှုဆက်ဆံရေးကို ပစ်ထားလို့မရတဲ့ ကျွန်တော်တို့ရဲ့ ဘဝတွေမှာလည်း

ကတိကဝတ်တွေ၊ တာဝန်ယူမှုတွေ၊ ချိုးဖောက်မှုတွေဟာ တစ်နေ့မဟုတ် တစ်နေ့ ကြုံနေ၊ ကြားနေ၊ မြင်တွေ့နေရတဲ့ စကားလုံးတွေပါပဲ။

ကတိဆိုတာမှာ တာဝန်ယူမှုကို ပြောတဲ့အတွက် ကိုယ်ဘယ်လောက် လုပ်နိုင်တယ်ဆိုတာကို သိရမှ ကိုယ်ဘယ်လောက်ဖြစ်ရမယ်ဆိုတာကို ကတိပေးနိုင်မှာပါ။ ကျွန်တော်တို့ ဘဝတွေမှာ ယုံကြည်မှု တည်ဆောက်ခြင်းဟာလည်း အရေးကြီးတာမို့ ပြောသလောက် လုပ်ပေးနိုင်ဖို့ လိုပါတယ်။ ဆုံးရှုံးသွားတဲ့ ယုံကြည်မှုဆိုတာတွေဟာ အနာဂတ်မှာ ဘယ်တော့မှ ပြန်မရနိုင်တဲ့ အရာတွေပါ။ ဘဝမှာ အောင်မြင်မှု၊ ကြီးပွားတိုးတက်မှုအတွက် လိုအပ်တဲ့ ယုံကြည်မှုတွေ တည်ဆောက်နိုင်ဖို့၊ ကတိဆိုတဲ့ စကားလုံးနဲ့အတူ တာဝန်ယူမှုပါ တွဲလျက်လိုက်ပါနေမှ ဖြစ်မှာပါ။ ဥပဒေတွေ၊ ပြစ်ဒဏ်တွေဟာ ကတိချိုးဖောက်မှုအတွက် လုံလောက်တဲ့ အဟန့်အတားတွေ မဟုတ်ပါဘူးဆိုတာကို တိုးပွားလာတဲ့ ကတိဖျက်မှုတွေက သက်သေခံနေပါတယ်။ အဓိက ကတော့ လူတိုင်းဟာ မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု၊ မိမိစွမ်းဆောင်ရည်ကို အမှန်အတိုင်း သိမြင်ပြောပြနိုင်မှသာ ကတိတရားအပေါ် တာဝန်ယူမှုကို ပေးနိုင်မှာပါ။ အဓိက ကတော့ လုပ်နိုင်သလောက်ပဲ ပြော၊ ပြောတဲ့အတိုင်းလုပ်၊ မသေချာဘဲ၊ မလုပ်နိုင်ဘဲ ပိုမပြောနဲ့ဆိုတဲ့ စကားသုံးခွန်းဟာ ကတိဆိုတဲ့ စကားလုံးအတွက် လုံလောက်မှာပါ။

○



# အောင်မြင်မှု

အောင်မြင်မှုဆိုတာလည်း ဘဝအကြောင်း ရေးတဲ့အခါ ချန်လှပ်ထားလို့မရတဲ့ စကားလုံးတစ်ခုပေါ့။ ဘဝဆိုတဲ့ အကြောင်းရေးတဲ့ စာတော်တော်များများမှာ အောင်မြင်မှုဆိုတာ အမြဲတမ်းပါတဲ့ စကားလုံးလေးတစ်လုံးပါပဲ။ လူ့ဘဝရဲ့ ရည်မှန်းချက်တော်တော်များများက အောင်မြင်ဖို့ ဖြစ်သလို ဦးတည်ရာလမ်းစဉ်တွေ ဘယ်လိုပင်ကွဲသော်ငြား လူသားတွေ တော်တော်များများ သွားနေတာကတော့ အောင်မြင်မှုတွေဆီကိုပါ။ ကျွန်တော်တို့တွေဟာ အမြင်တွေ မတူ၊ လျှောက်တဲ့လမ်းတွေ မတူသလို ရလိုတဲ့ အောင်မြင်မှုတွေ မတူတတ်ကြပါဘူး။ တချို့ လူတွေက ငွေကြေးအားဖြင့် အောင်မြင်မှုကို လိုချင်ကြတယ်။ တချို့လူတွေက ဂုဏ်အားဖြင့် အောင်မြင်မှုကို လိုချင်ကြတယ်။ တချို့ကတော့ အောင်မြင်မှုကို စိတ်ချမ်းသာရခြင်းနဲ့ပဲ တိုင်းတာတယ်။ အဲဒီလိုပဲ လူအမျိုးမျိုးမှာ သူတို့ ရည်မှန်းတဲ့ အောင်မြင်မှုမျိုးစုံ ကွဲပြားနေပါတယ်။

ဘာကြောင့်ပဲ အောင်မြင်လို အောင်မြင်လို၊ ဘယ်လိုနည်းနဲ့ပဲ အောင်မြင်ချင် အောင်မြင်ချင်၊ ကိုယ်က တစ်စုံတစ်ခု မပေးဘဲနဲ့တော့ အောင်မြင်မှုဆိုတာ ရမလာနိုင်ပါဘူး။ အဲဒီ ပေးဆပ်မှုတွေမှာ မိသားစုဆိုတာတွေ၊ အသက်နဲ့ ကိုယ်အင်္ဂါဆိုတာတွေ စတဲ့ ပေးဆပ်မှုကြီးကြီးတွေအထိ ပါနိုင်ပါတယ်။ ကျွန်တော်တို့ လေးစားအားကျရတဲ့ လူတွေရဲ့ နောက်ကွယ်က ဘဝ

တွေမှာ ကျွန်တော်တို့ ထင်မှတ်မထားခဲ့တဲ့ ပေးဆပ်မှုတွေ ရှိသလို၊ ကျွန်တော်တို့ ထင်မှတ်မထားခဲ့တဲ့ ကျရှုံးခဲ့မှုတွေလည်း ရှိနေမှာပါ။ အောင်မြင်မှုကို ရနိုင်တဲ့ နည်းလမ်းတွေက ရိုးရှင်းပါတယ်။ ပေးဆပ်ရမှုကို သတ်မှတ်ထားချက်တွေကလည်း ရှင်းလင်းပါတယ်။ ကွာခြားသွားတာက အဲဒီ ရိုးရှင်းတဲ့ နည်းလမ်းတွေကို လုပ်နိုင်သလား ဆိုတာပါပဲ။

တစ်ခုခုကို လိုချင်ရင် တစ်ခုခုကို ပေးဆပ်ရတာ ထုံးစံပါ။ အောင်မြင်နေတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေဟာ သူတို့ရဲ့ လွတ်လပ်ခွင့်ကို ပေးဆပ်လိုက်ရတယ်။ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ သူတို့ရဲ့ ကိုယ်ပိုင်အချိန်တော်တော်များများကို ပေးဆပ်ထားရပါတယ်။ အဲဒီလိုပဲ တခြားသောနယ်ပယ်က အောင်မြင်သူတွေဟာ သူတို့ရဲ့ မတူညီတဲ့ ရုန်းကန်မှုတွေ၊ ပေးဆပ်ရမှုတွေကနေ အောင်မြင်မှုဆိုတဲ့ ထိပ်ပိုင်းတစ်နေရာကို ရောက်လာကြတာပါ။ ကျွန်တော်တို့တွေဟာ တက်ကျမ်းတွေကို စိတ်ဝင်တစားဖတ်ကြတယ်။ အောင်မြင်မှုတွေအတွက် ပေးဆပ်ခဲ့ရမှုတွေကို အံ့သြကြတယ်။ အောင်မြင်သူတွေကို လေးစားအားကျကြတယ်။ သူတို့ရဲ့ အင်တာဗျူးတွေကို မက်မက်မောမော ဖတ်ကြတယ်။ ဒါပေမဲ့ အောင်မြင်မှုအတွက် ကျွန်တော်တို့ ကိုယ်တိုင် စ ကြိုးစားဖို့တော့ တစ်ခါတစ်ရံ မစဉ်းစားမိကြသလို ကိုယ့်ကိုယ်ကိုယ် အောင်မြင်နိုင်သူရယ်လို့လည်း အဲဒီ တက်ကျမ်းတွေ၊ အင်တာဗျူးတွေကတစ်ဆင့် သိရှိသဘောပေါက်ခဲ့ကြတာ နည်းမယ် ထင်ပါတယ်။ ဘဝမှာ အောင်မြင်မှုဆိုတာ ငေးမောရုံ မဟုတ်ပါဘူး။ ကိုယ်တိုင်ကိုယ်ကျ ရယူပိုင်ဆိုင်ခြင်းပါလို့ ကျွန်တော်တော့ ထင်တယ်။



# အရှုံး

အရှုံးတဲ့။ လူတော်တော်များများ ဒဏ်မခံနိုင်တဲ့ စကားလုံးပေါ့။ အရှုံး ဆိုတဲ့ စကားလုံးကို လူတိုင်းနီးပါး ကိုယ်နဲ့ တွဲစပ်ခံရမှာ သိပ်ကြောက်ကြ တာပဲ။ ဒါ့အပြင် အရှုံးဆိုတာနဲ့ ရင်ဆိုင်လိုက်ရပြီဆိုရင် တစ်ခါတည်း စိတ် ဓာတ်တွေ ကျ၊ ဝမ်းနည်းတော့တာပါပဲ။ ဘာကြောင့် ရှုံးတယ် ဆိုတာထက် ရှုံးတယ်ဆိုတဲ့ ရလဒ်ကြီးကိုပဲ လက်ခံပြီး ဘဝရဲ့ ပြိုင်ပွဲတွေကနေ စွန့်ခွာသွား ကြတဲ့လူတွေ များပါတယ်။ တကယ်တော့ အရှုံးဆိုတာ ပြီးဆုံးခြင်းဆိုတာနဲ့ပဲ တွဲစပ်ရတာပါ။ ပြိုင်ပွဲပြီးသွားမှသာ အရှုံးဆိုတာ ဖြစ်ပေါ်လာတာပါ။ ထပ် ကြိုးစားခွင့်ဆိုတာ ရှိနေသေးသရွေ့ ရလဒ်ဘယ်လောက်ပဲ ဆိုးနေပါစေ အရှုံး လို့ မသတ်မှတ်နိုင်ပါဘူး။ မနိုင်သေးတာလို့ပဲ သတ်မှတ်ရပါမယ်။ ကျွန်တော်တို့က ကျွန်တော်တို့ဘဝကို ကစားပွဲနဲ့ တူတယ်လို့ သတ်မှတ်ကြ တယ်။ တကယ်တော့ ဘဝဆိုတာ သေသည်အထိ အဆုံးမရှိတဲ့ ကစားပွဲပါ။ ဘဝမှာ ရှုံးတယ်ဆိုတာတွေတိုင်းဟာ ပြန်ကြိုးစားခွင့် ရှိနေပါသေးတယ်။ ဝမ်းနည်းမှုတွေ၊ မခံစားနိုင်မှုတွေနဲ့ ပြည့်နှက်နေတဲ့အချိန်မှာတော့ ကျွန်တော် တို့ အရှုံးလို့ သတ်မှတ်တာတွေဟာ ကစားပွဲမှာ ခြေချော်ကျရုံလောက်ပဲ ရှိပါလားဆိုတာ မတွေးနိုင်လောက်အောင် ဖြစ်နေတာ သဘာဝကျပါတယ်။

ကိုယ်ကြိုးစားလို့ ဖြစ်စေ၊ မကြိုးစားလို့ဖြစ်စေ ရှုံးနိုင်ပါတယ်။ ဒါပေမဲ့ မနိုင်သေးဘူးလို့ သတ်မှတ်ရရုံလေးပဲ ရှုံးတာဆိုတာကိုတော့ ကျွန်တော်တို့

သိထားရပါမယ်။ ရှုံးပြီလို့ သတ်မှတ်ရမယ့်နေ့ဟာ ကစားပွဲကနေ ကျွန်တော်တို့ ထွက်ခွာရတဲ့နေ့ (သေတဲ့နေ့) အထိ မအောင်မြင်မှ ရှုံးတာပါ။ နောက်တစ်နည်းက ကျွန်တော်တို့ ကိုယ်တိုင် ကစားပွဲက နုတ်ထွက်ရင်လည်း ရှုံးပါတယ်။ လူတွေဟာ အရှုံးကို ရင်ဆိုင်ရတဲ့အခါ ဘာကြောင့်ဆိုတာ သုံးသပ်ဖို့ထက် အဲဒီ အသိုင်းအဝိုင်းထဲကပဲ ထွက်ပြေး ချင်နေကြတာဟာ သူတို့ရဲ့ တလွဲမာနတွေကြောင့်ပါ။ အရှုံးဆိုတာ ဘယ်သူမှ ရှောင်လွှဲလို့ မရပါဘူး။ ကျွန်တော်တို့ စက်ဘီးမလဲဖူးဘဲ စက်ဘီး မစီးတတ် ပါဘူး။ ရေမနစ်ဖူးဘဲ ရေမကူးတတ်ပါဘူး။ ကားမတိုက်ဖူးတဲ့ ကားမောင်း သမား မရှိပါဘူး။ တစ်ခါတစ်ရံ လိုကိုလိုအပ်တဲ့ အရည်အချင်းတွေကို ရှုံးပြီးမှ ရတတ်တယ်ဆိုတာ သဘာဝက သတ်မှတ်ထားတဲ့ ပညတ်ချက်ပါပဲ။ မရှုံးဖူးတဲ့ သူတွေဟာ ရှုံးမယ်ဆိုတာကို မသိတဲ့အတွက် ရှုံးနိုင်ခြေ ပိုများပါတယ်။ ကျရှုံးဖူးတဲ့ သူကတော့ နောက်တစ်ခါ ထပ်ရှုံးဖို့ အခွင့်အလမ်းတော်တော့်ကို နည်းသွားပါပြီ။ ခင်ဗျား အဲဒီ အရှုံးကနေ သင်ခန်းစာယူနိုင်ရင်ပေါ့လေ။ ခင်ဗျားကို လောကကြီးက ကစားပွဲထဲက မထုတ်သေးပါဘဲ တစ်ခဏ အရှုံးဆိုတာနဲ့ ခင်ဗျားကိုယ်တိုင် စိတ်ပျက် အားလျှော့ပြီး ရှင်လျက်သေနေရတဲ့ တစ်ဘဝစာ အရှုံး မလုပ်မိပါစေနဲ့။



# ပျော်ရွှင်ခြင်း


တကယ်လို့ ဘဝဆိုတာ စိတ်ညစ်စရာတွေချည်းပဲအပြည့်ဆိုရင် ပျော်ရွှင်ခြင်းဆိုတဲ့ စကားလုံးလေးတစ်ခု ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ ပျော်ရွှင်ခြင်းဆိုတာ ကျွန်တော်တို့ဘဝတွေရဲ့ အတောင့်တဆုံး လိုအင်ဆန္ဒတစ်ခုကို ကိုယ်စားပြုတဲ့ စကားလုံးလေး ဖြစ်လာခဲ့ပါပြီ။ ဘဝမှာ တစ်ခုခုကို ဖြစ်မြောက်အောင် လုပ်နိုင်ဖို့၊ အဲဒီ လုပ်ရတဲ့တစ်ခုခုကို ပျော်ရွှင်စွာ လုပ်နိုင်ဖို့ လိုပါတယ်။ လူတိုင်းဟာ ပျော်ရွှင်ချင်ကြတယ်၊ စိတ်ချမ်းသာချင်ကြတယ်ဆိုတာ ဘယ်သူမေးမေး ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုပါ ပဲ။ ထို့အတူပဲ ပြုံးနေတဲ့မျက်နှာ၊ ပျော်နေတဲ့ ဘဝကိုက လူတိုင်းရဲ့ တောင့်တချက်ပါ။ တကယ်တော့ ပျော်ရွှင်ခြင်းဆိုတာ တောင့်တတိုင်း ဖြစ်မလာနိုင်ပါဘူး။ ကိုယ်ကိုယ်တိုင် ဖန်တီးယူမှ ရတာပါ။

လူတွေက ပျော်ရွှင်ခြင်းကို အကျိုးဆက်အနေနဲ့ မြင်ကြတယ်။ ကိုယ်ကိုယ်တိုင် ဖန်တီးယူလို့ရတယ်ဆိုတာ မေ့နေပါတယ်။ ကျွန်တော်တို့ဘဝရဲ့ နေ့စဉ်လှုပ်ရှားမှုတွေမှာ အဓိပ္ပာယ်ရှိစေဖို့၊ ရည်မှန်းချက်တွေ ရှိရာသွားဖို့၊ ခွန်အားတွေ ပြည့်စေဖို့ဆိုတာ ကျွန်တော်တို့အတွက် ပျော်ရွှင်ခြင်းတွေ လိုအပ်ပါတယ်။ လူတချို့က အရာရာကို အကောင်းမြင်ခြင်းဖြင့် ကိုယ့်စိတ်ကို ပျော်စေတယ်။ လူတချို့က အရာရာကို ဆိုးအောင်လုပ်ခြင်းဖြင့် ကိုယ့်စိတ်ကို ပျော်စေတယ်။ လူတချို့က အရာရာကို ရှောင့်ရဲခြင်းဖြင့် ပျော်ကြတယ်။

လူတချို့ကတော့ အရာရာကို လောဘကြီးစွာရယူပြီး ပျော်ရွှင်ကြတယ်။ လူတိုင်းကတော့ အပျော်တွေဆီကို သွားနေတာပါ။ ဒါပေမဲ့ လုပ်တဲ့နည်းလမ်း ကွဲပါတယ်။

ကျွန်တော်တို့ဘဝတွေမှာ ကိုယ်ပျော်ဖို့အဓိက၊ ကိုယ် စိတ်ချမ်းသာဖို့ အဓိကဆိုတာ လက်ခံနိုင်ပေမယ့် အဲဒီ အဓိကဆိုတာကြီးက သူတစ်ပါးကို ထိခိုက်သွားပြီဆိုရင်တော့ စစ်မှန်တဲ့ ပျော်ရွှင်ခြင်း မဟုတ်တော့ပါဘူး။ ကျွန်တော်တို့ဟာ ပျော်ရွှင်ခြင်းကို မျှဝေဖို့သာ ကြိုးစားသင့်ပါတယ်။ လုယက်ယူငင်ခြင်း၊ အဓမ္မမကင်းတဲ့ ပျော်ရွှင်ခြင်းတွေဟာ တစ်ခဏပဲဆိုတာ သိတဲ့အချိန်မှာ နောင်တဆိုတဲ့ အရာကလွဲလို့ ဘာမှ မရနိုင်တော့ပါဘူး။ ဒါ့အပြင် သူတစ်ပါးကို ပျော်စေတာဟာ ကိုယ့်စိတ်ကိုလည်း ချမ်းသာမှု ရစေတယ်လို့ ဆိုကြတယ်။ ဘာတွေပဲ ပြောနေနေပါ။ လူဆိုတာ ကိုယ်လုပ်ချင်ရာကို လွတ်လွတ်လပ်လပ် လုပ်ရရင် ပျော်ကြတယ်။ ကိုယ် ရချင်တာကို ပိုင်ဆိုင်ရရင် ပျော်ကြတယ်။ အဓိကက ဒါပါပဲ။

ဘယ်လောက်ပဲ စစ်မှန်တာတွေ၊ မစစ်မှန်တာတွေ ပြောပါစေ၊ လူတွေဟာ ကိုယ့်အတွက်ဆိုတဲ့ အတ္တကိုတော့ မဖျောက်နိုင်သေးဘူးဆိုတာ ကျွန်တော်တို့ ဝန်ခံရပါမယ်။ အဲဒီတော့ ပျော်ရွှင်ခြင်းဆိုတာ အားနည်းသူတွေ၊ ဆင်းရဲသူတွေအတွက် မရှိရတော့ဘူးလားတဲ့။ ရှိရမှာပေါ့။ အထက်က ပြောခဲ့သလို တစ်ခါတစ်ရံ မမျှတတဲ့ လောကကြီးမှာ သူတို့အတွက် ပျော်ရွှင်မှုဆိုတာ နည်းနေတုန်းပါပဲ။ ဖြစ်နိုင်တဲ့ ဘောင်ထဲက လိုချင်တာကို ရအောင်ကြိုးစားရတာကို ပျော်နေရင်လည်း ပျော်ရွှင်ခြင်းပဲ မဟုတ်လား။



# ရလဒ်

ရလဒ်တဲ့။ တစ်ခုခုကို လုပ်လိုက်လို့ ထွက်ပေါ်လာတဲ့ အကျိုးဆက်ပေါ့။ ကျွန်တော်တို့ရဲ့ ဘဝဆိုတဲ့ ဟင်းလင်းပြင်ကြီးမှာလည်း ရလဒ်ဆိုတဲ့ စကားလုံးဟာ တိုင်းတာရာ စံနှုန်းအဖြစ်နဲ့ တော်တော်ကို အရေးပါတဲ့နေရာမှာ ရပ်တည်နေနိုင်တဲ့ စကားလုံးတစ်လုံးပေါ့။ ကျွန်တော်တို့ဟာ ဘဝမှာ ရုန်းကန်ကြတယ်။ ကြိုးစားကြတယ်။ အလုပ်တွေ လုပ်ကြတယ်။ အဲဒီကနေ ထွက်ပေါ်လာတဲ့ အကျိုးဆက်တွေဟာ ရလဒ်တွေပေါ့။ တစ်ချိန်တည်းမှာပဲ ဆိုးသွမ်းကြတယ်။ မကြိုးစားကြဘူး။ အပျင်းထူတယ် စတာတွေကြောင့် ဖြစ်လာတဲ့ အကျိုးဆက်တွေလည်း ရှိပါတယ်။ အဲဒါလည်း ရလဒ်ပါပဲ။

လူတွေဟာ ရလဒ်ပေါ်မူတည်ပြီး ကောင်း၏၊ ဆိုး၏၊ ကြိုးစား၏၊ မကြိုးစား၏ စသည်ဖြင့် ဆုံးဖြတ်လေ့ရှိကြတယ်။ အဲဒီလို အကျိုးဆက်အပေါ် မူတည်ပြီး အကြောင်းတရားအပေါ်၊ တစ်နည်းအားဖြင့် ကြိုးစားအားထုတ်ခဲ့မှုတွေအပေါ် ဆုံးဖြတ်ကြတာ ရာခိုင်နှုန်းတော်တော်များများ မှန်နိုင်ပေမယ့် တစ်ခါတလေတော့လည်း မှားတဲ့ သုံးသပ်ချက်တွေ ထွက်လာနိုင်ပါတယ်။ ဘာလို့ဆို ရလဒ်ဆိုတာ ထိန်းချုပ်လို့မှ မရနိုင်ဘဲကိုး။ ကြိုးစားပြီးတော့ ဆိုးတဲ့ ရလဒ်ထွက်တာတွေ ဒုနဲ့ဒေး။ ထို့အတူပဲ မကြိုးစားဘဲ ရလဒ်ကောင်းတွေ ရသွားတဲ့အခါတွေလည်း ရှိမှာပေါ့။

မကြိုးစားဘဲ ရလဒ်ကောင်းတွေ အပေါ်မှာ လူတွေက သိပ်ပြီး မခံစား

ရပေမယ့် ကိုယ်ကြိုးစားခဲ့ပြီးမှ ဖြစ်မလာတဲ့အခါ ရလဒ်ဆိုးတွေက ကျွန်တော်တို့ရဲ့ ကြိုးစားချင်စိတ်တွေကို စိတ်ပျက်အားလျော့ခြင်းနဲ့ ဖျက်ဆီးပစ်တတ်ပါတယ်။ ထိုက်သင့်သလောက်လည်း ကြိုးစားခဲ့တယ်။ ကြိုးစားသမျှလည်း ကျေနပ်ခဲ့တယ်။ ကျေနပ်သလောက် ရလဒ်က ကောင်းမလာတဲ့အခါ ဘယ်သူမဆို စိတ်ဓာတ်ကျမှာ ထုံးစံပါပဲ။ စိတ်ဓာတ်ကျပြီး ရလဒ်ကို မကျေနပ်လို့ လောကကြီးကို ထပ်ပြီး အရွဲ့တိုက်ပစ်မယ်ဆိုရင်တော့ နှစ်ခါရှုံးဖို့ သေချာနေပါပြီ။

ကျွန်တော်ကတော့ ရလဒ်ဆိုတာ ကြိုးစားခဲ့မှုကို အသိအမှတ်ပြုရာရောက်တယ်လို့ ခံယူပါတယ်။ တစ်ချိန်တည်းမှာပဲ ရလဒ်ဆိုတာကို လွှမ်းမိုးတာက ကြိုးစားမှုတင်မဟုတ်ဘဲ ကျန်တဲ့အခြေအနေတွေလည်း ရှိသေးတယ်ဆိုတာကို နားလည်ထားပါတယ်။ ဒါ့ကြောင့် ရလာတဲ့ ရလဒ်တွေအပေါ် သာယာမှုတွေ၊ မကျေနပ်မှုတွေ ရှိကောင်းရှိနိုင်ပေမယ့်၊ ကိုယ် မထိန်းချုပ်နိုင်တဲ့ ရလဒ်အတွက် ကိုယ်ထိန်းချုပ်နိုင်တဲ့ ကြိုးစားမှုကိုပဲ အကောင်းဆုံးအသုံးချရမယ်လို့ ထင်ပါတယ်။ ဟုတ်ပါတယ်။ ရလဒ်ကောင်းတွေ ဖြစ်လာဖို့ ကြိုးစားခြင်းလိုပေမယ့် ကြိုးစားတိုင်း ရလဒ်ကောင်းဖို့ဆိုတာကတော့ တစ်ခါတစ်ရံ လွဲချော်မှုတွေကို နေရာပေးတတ်တဲ့ လောကကြီးအနေနဲ့ ကတိမပေးနိုင်တဲ့ အရာတစ်ခုပါပဲ။ ဒါ့ကြောင့် ရလဒ်ကောင်းတွေအတွက် ကြိုးစားဖို့ လိုသလို၊ မကောင်းတဲ့ ရလဒ်တွေအတွက်လည်း ထပ်ကြိုးစားဖို့ လိုတယ်ဆိုတာ ကျွန်တော်တို့ မမေ့သင့်ပါဘူး။

◎



# အကြောင်းပြချက်

ကျွန်တော်တို့ စာသင်ရတဲ့အခါ စီမံခန့်ခွဲမှု ဘာသာရပ်တွေ သင်တဲ့ ဆရာ၊ ဆရာမတွေက အမြဲ ပြောလေ့ရှိတယ်။ ရေးသာ ရေးပါ။ ဖြေသာ ဖြေပါ။ အဖြေမှားတယ်ဆိုတာ မရှိပါဘူးတဲ့။ မင်း အကြောင်းပြချက် ကောင်းကောင်းသာ ပေးနိုင်ရင် မင်းရဲ့ အကြောင်းပြချက် ခိုင်လုံမှုအပေါ် မူတည်ပြီး အမှတ်ပေးမှာပါတဲ့။ ဟုတ်ပါတယ်။ အမှား၊ အမှန်ဆိုတာ တစ်သမတ်တည်း မသတ်မှတ်နိုင်တဲ့ ကိစ္စရပ်တော်တော်များများဟာ ကျွန်တော်တို့ ဘဝတွေမှာ ရှိနေဆဲပါ။ အဲဒီအခါ အမှားနဲ့ အမှန်ဆိုတဲ့ သတ်မှတ်ချက်ဟာ အကြောင်းပြချက်ဆိုတဲ့အပေါ် မူတည်သွားပါတယ်။ ဘယ်ဟာ မှားတယ်၊ ဘယ်ဟာ မှန်တယ် ဆိုတာကို လူအများရော ကိုယ်ကိုယ်တိုင်ပါ လက်ခံနိုင်ဖို့တော့ ဘာကြောင့် မှားတယ်၊ ဘာကြောင့် မှန်တယ်ဆိုတဲ့ အကြောင်းပြချက် လိုအပ်ပါတယ်။ သဘောတူတဲ့သူက လက်ခံ၊ သဘော မတူနိုင်တဲ့သူက ဘာကြောင့်သဘောမတူနိုင်ဘူးလဲဆိုတဲ့ အကြောင်းပြချက် ပြန်ပေးပေါ့ဗျာ။ ပြောတဲ့ ရေးတဲ့နေရာမှာမှ မဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင် ကိုယ့်ဘဝထဲမှာ လုပ်နေရတဲ့ အလုပ်တွေအပေါ်မှာလည်း အကြောင်းပြချက် ခိုင်မာမှ ဖြစ်မှာပါ။

ကိုယ်လုပ်နေတဲ့ အလုပ်၊ ကိုယ်သွားနေတဲ့ လမ်းကြောင်းဟာ မှန်တယ်ဆိုတာ ပြောဖို့လည်း အကြောင်းပြချက်တွေ လိုအပ်ပါတယ်။ ခိုင်ခိုင်

မာမာ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်တစ်ရပ် ရှိခြင်းဟာ ကိုယ်လုပ်တဲ့ အလုပ် အောင်မြင်ဖို့၊ ကိုယ်သွားချင်တဲ့လမ်းကြောင်း ခရီးဆုံးရောက်ဖို့ တွန်းအားကောင်းကောင်းပေးနိုင်တဲ့ အရာပါ။ တခြား တစ်ဖက်မှာတော့ ဘယ်ဟာမှ အကောင်းချည်းပဲ မပေးတတ်တဲ့ လောကကြီးရဲ့ ထုံးစံအတိုင်း အကြောင်းပြချက်တွေဟာ တစ်ခါတစ်ရံ တလွဲ အသုံးချခံရတတ်ပါတယ်။ လူတွေအမြင်မှာ မှားနေပေမယ့် သူ့ အကြောင်းပြချက်နဲ့ သူတော့ ဟုတ်နေတယ်ဆိုတာမျိုး၊ အဓိပ္ပာယ်မရှိမှန်း သိရက်နဲ့ အတင်းကတ်သတ်ပြီး ငြင်းတဲ့ အကြောင်းပြချက်တွေကို ကျွန်တော်တို့ကိုယ်တိုင်လည်း ပေးဖူး၊ အပေးလည်း ခံရဖူးမှာပါ။

အဲဒီလို ဘာလို့လုပ်လဲဆိုတော့ အကြောင်းပြချက်ဆိုတာ ကိုယ့်ရွေးချယ်မှုကို ကိုယ်မှန်တယ်လို့ အတည်ပြုနိုင်တဲ့အချက် ဖြစ်နေလို့ပါ။ တစ်ခါတစ်ရံ ရွေးချယ်မှုတွေ မှားယွင်းသွားပေမယ့်၊ လုပ်ဆောင်ချက်တွေ မှားယွင်းသွားပေမယ့်၊ ကိုယ်ကျိုးအတွက် လုပ်လိုက်ပေမယ့် အကြောင်းပြချက်ကောင်းလို့ နာမည်ကောင်းရသွားတဲ့၊ အလျှောက်ကောင်းလို့ အထောင်းသက်သာသွားတဲ့ သာဓကတွေ အများကြီးပါ။ လူဆိုတာ ကိုယ့်အမြင်နဲ့ ကိုယ်မို့ ကိုယ်မှန်ကြောင်း အတည်ပြုနိုင်ဖို့ အကြောင်းပြချက်တွေ ပေးနေဦးမှာပါ။ အကြောင်းပြချက်ကို အရင်ခိုင်မာအောင် တည်ဆောက်ပြီးမှ ရွေးချယ်ခဲ့တာလား။ ရွေးချယ်ချင်ရာ ရွေးချယ်ပြီးမှ အကြောင်းပြချက်ကို တည်ဆောက်ခဲ့သလား ဆိုတာကတော့လည်း ...

✿



# အမှန်တရား

အမှန်တရားတဲ့။ လူတိုင်း သိပ်ကို သုံးကြတဲ့ စကားလုံးပါ။ ဘဝမှာလည်း အမှန်တရားဆိုတာ တော်တော့်ကို အသုံးခံရတဲ့ စကားလုံးပါ။ ဒါပေမဲ့ ဘယ်ဟာ အမှန်၊ ဘယ်ဟာ အမှားဆိုတာကတော့ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်အဖြစ်ပဲ ရှိနေပါသေးတယ်။ ရှိရှိသမျှလူတွေ အကုန်လုံး၊ ရှိရှိသမျှ အခြေအနေတွေ အကုန်လုံးအတွက် သင့်လျော်တဲ့ အမှန်တရားဆိုတာထက် ကျွန်တော်တို့ဘဝ အခြေအနေအပေါ် မူတည်ပြီး သတ်မှတ်တဲ့၊ လူများရာက သတ်မှတ်တဲ့ အမှန်တရားတွေကသာ များနေတာ တွေ့ရပါတယ်။

ကျွန်တော်လည်း ဘယ်ဟာ အမှန်၊ ဘယ်ဟာ အမှားဆိုတာ တိတိကျကျ မသိပေမယ့်၊ လူတိုင်းလိုပဲ ကျွန်တော့်မှာလည်း ဘယ်ဟာအမှန်၊ ဘယ်ဟာ အမှားဆိုတဲ့ လက်ခံထားရတဲ့ အရာလေးတွေတော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တွေ့တွေ့နေရတဲ့ အခြေအနေတွေမှာ တစ်ခါတစ်ရံ ကျွန်တော် မှန်ပါတယ်လို့ လက်ခံထားတဲ့ အရာတွေဟာ မှားနေတတ်တော့ အမှန်တရားဆိုတဲ့ စကားလုံးကို သုံးရမှာ တော်တော့်ကို လန့်မိပါတယ်။ ဘာသာတရားတွေမှာ သူတို့ဘာသာအလိုက် အတွတ်အမြတ်ထားရာ ပုဂ္ဂိုလ်တွေ၊ သတ်မှတ်ထားတဲ့ ထာဝရအမှန်တရားတွေ ရှိကောင်းရှိနိုင်ပေမယ့် အဲဒီ အမှန်တရားတွေကို တိတိကျကျ လိုက်နာနိုင်သူရော၊ လိုက်နာနိုင်တဲ့ အခြေအနေရော နည်းပါးတယ်လို့ တင်ပြင်မိပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ သူ့အသက် သတ်ခြင်းဟာ မှားပါတယ်။ ဒါပေမဲ့ သတ်နေကြတယ်။ ကျန်းမာရေးအတွက် ခြင်ဆေးတွေ ဖျန်းကြတယ်။ စားသောက်ရေးအတွက် သားသတ်ရုံတွေ ထားရှိတယ်။ ကဲ ... အဲဒီအခါတွေကျတော့ ဘယ်လိုလုပ်ကြပါဦးမလဲ။ တကယ်တော့ အမှန်တရားဆိုတာနဲ့ ပတ်သက်လို့ ပြီးပြည့်စုံလှပါပြီဆိုတဲ့ အဓိပ္ပာယ် သတ်မှတ်ချက်တစ်ခု ဖွင့်ဆိုနိုင်ခြင်း မရှိသေးပါဘူး။ ဘာသာတရားတွေမှာ သူ့အယူအဆတွေ၊ သူ့အဓိပ္ပာယ် သတ်မှတ်ချက်တွေ ရှိနေပေမယ့်လည်း မှန်တယ်၊ မှားတယ်ဆိုတာဟာ ခုထိ ငြင်းနေရဆဲ ပဟေဠိတစ်ခုပါ။

နောက်တစ်ခု ကျွန်တော်တို့ဘဝရဲ့ အမှန်တရားတစ်ခုက အမှန်ကို သက်သေပြရ ခက်ခဲသလောက် အမှားကို ယုံလွယ်ကြတာပါပဲ။ ကဲ... အပေါ်မှာ ကျွန်တော် အမှန်တရားလို့ ပြောခဲ့ပြီ။ ဒါပေမဲ့ အများယုံလွယ်တဲ့ အခြေအနေအတွက် ကျွန်တော့်အဆိုက မှားပါတယ်။ ဒီတော့ကာ အမှန်တရားဆိုတာနဲ့ ကင်းကွာလို့မရတဲ့ ကျွန်တော်တို့ရဲ့ ဘဝအတွက်တော့ အမှန်တရားဆိုတာတွေဟာ လက်ခံသူတွေရှိနေသရွေ့ အမှန်ဟာ အမှားဖြစ်နေဦးမှာဖြစ်ပြီး၊ ခေါင်းမာသူတွေ ရှိနေသရွေ့ အမှားတွေဟာ အမှန်တွေအဖြစ် ဆက်လက်ရပ်တည်နေဦးမှာဖြစ်တဲ့အတွက် အမှန်တရားဆိုတဲ့ စကားလုံးရဲ့ အနာဂတ်တွေအတွက် ရင်မောမိပါတယ်။

❁